ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၄၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးမြအုန်း၊ ကချင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအေး၊ မန္တလေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ လူငယ်ပညာပေးသင်တန်းများ တက်ရောက်ရန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ညွှန့်စိုး၊ ရန်ကုန်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမနားနိုင်၊ ချင်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှမောင်၊ ကယား(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ကျန်းမာရေး။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ မိသားစုကျန်းမာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊

ဒေသဖွံ့ဖြိုးရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ မွန်အမျိုးသားနေ့ ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သူဦး၊ မကွေး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ မိသားစုကျန်းမာရေး။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ မျက်စိခွဲ။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်၊ တာဝန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကျန်းမာရေး။ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ မိသားစုကိစ္စ။ ဦးလျူကွယ်ရှို၊ ရှမ်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘိုးရယ်၊ ကယား(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကျန်းမာရေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန (၁)၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ပန်းခြံဟု သတ်မှတ်ထားသော မြေနေရာတွင် ကားပါကင်အဆောက်အအုံ တည်ဆောက်ခြင်းကို အများပြည်သူမှ ကန့်ကွက်ပါသဖြင့် မူလပန်းခြံမြေအတိုင်း ထားရှိပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က ပန်းခြံဟု သတ်မှတ်ထားသော မြေနေရာတွင် ကားပါကင်အဆောက်အအုံ တည်ဆောက်ခြင်းကို အများပြည်သူမှ ကန့်ကွက်ပါသဖြင့် မူလပန်းခြံမြေအတိုင်းထားရှိပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ တောင်ဥက္ကလာပမြို့နယ် မိဘပြည်သူတွေဟာ များစွာ စိတ်နှလုံးထိခိုက်ကြေကွဲနေကြပါတယ်။ ဒါဘာဖြစ်လို့လဲ ဆိုလို့ရှိရင် တောင်ဥက္ကလာပမြို့တည်စကတည်းက တည်ရှိခဲ့တဲ့ အားကစားကွင်းနဲ့ ပန်းခြံတစ်ခုကို ဒီနေ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပုဂ္ဂလိက ကားများထားရန်အတွက် ပါကင်လုပ်နေတဲ့ အစီအစဉ်ကြောင့်ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပ မြို့တည်တာ နှစ်ပေါင်း(၅၀)ကျော်ခဲ့ပါပြီ။ ဒီမြို့တည်တဲ့ နေရာမှာဆိုလို့ရှိရင် အဓိက အချက်အချာကျတဲ့ ရတနာလမ်းနဲ့ သုမင်္ဂလာလမ်းဒေါင့် တောင်ဥက္ကလာပမြို့နယ်၊ (၁၁)နဲ့ (၁၂)ရပ်ကွက်ရဲ့ ဒေါင့်တစ်ဖက်ဆီမှာ နေရာလွတ်တစ်ခုကို အရင် မြို့တည်တဲ့ လူတွေက ချန်ထားခဲ့ပါတယ်။ ဒီချန်ထားတဲ့နေရာမှာ အများပြည်သူက အားကစားလုပ်ငန်းတွေ၊ ကျွန်တော်တို့ စုဝေးရာနေရာလေးတွေ၊ နိုင်ငံတော်အခမ်းအနား ကျင်းပရာ နေရာလေးတွေအဖြစ် သုံးစွဲခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာတော့ ဒီ နေရာကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပန်းခြံဟု တရားဝင်အသိအမှတ်ပြုတာလည်း ပြုပါတယ်။ ပြုပြီးလို့ရှိရင် စည်ပင်သာယာ ဘတ်ဂျက်နဲ့ ပန်းခြံပုံစံမျိုးလည်း လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီ ပန်းခြံပုံစံလုပ်ပေမယ့် တစ်ဘက်မှာလည်း ဒီ ပန်းခြံထဲမှာ

ဘီယာဆိုင်တွေ၊ အရက်ဆိုင်တွေ၊ ထမင်းဆိုင်တွေ၊ ဆိုင်မျိုးစုံလည်း အငှားချထားပြီးတော့ အခွန်အကောက်တွေ ယူခဲ့ပါတယ်။

ဒါကြောင့် ပြည်သူတွေဟာ ပန်းခြံကို ပန်းခြံအဖြစ် သုံးစွဲခွင့်မရဘဲနဲ့ ဒီ ဘီယာဆိုင်၊ အရက်ဆိုင် လက်ဖက်ရည်ဆိုင်တွေနဲ့ ဝေမျှပြီး သုံးစွဲရတဲ့ အဆင့်ပါခင်ဗျား။ ပန်းခြံအဆင့်အတန်းမရှိပါဘူး။ ဒါ တပ်မတော် အစိုးရ လက်ထက်မှာပါ။ ကျွန်တော်တို့ ဒီနေ့ အစိုးရလက်ထက်မှာကျတော့ ဒီ ပန်းခြံမှာ ဆိုင်ဖွင့် ထားတဲ့ လူတွေကို စည်ပင်သာယာက နှင်ပါတယ်။ နှင်တဲ့အခါကျတော့ သူက ဘာအကြောင်း ပြသလဲဆိုတော့ ဒီနေရာကို ကားပါကင်ဆောက်မှာ၊ ဒါကြောင့် ဒီနေရာမှာရှိတဲ့ ဆိုင်တွေ ထွက်ပါတော့ဆိုပြီး နှင်ပါတယ်။ အဲဒါက တစ်ဆင့် ဒီ ဆိုင်ခန်းအငှားချထားတဲ့သူတွေ၊ ပြည်သူတွေက သိရှိလာပြီး ကျွန်တော်ကို လာပြောပါတယ်။ ဒီ နေရာမှာ ကားပါကင်ဆောက်မယ်။ ဒါနဲ့ ပတ်သက်လို့ သက်ဆိုင်ရာကို မေးပေးပါဆိုတဲ့အခါမှာ ကျွန်တော် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကော်မတီဝင်အဆင့်ရှိတဲ့ သူကို သွားတွေ့ပါတယ်။ တွေ့တဲ့အခါကျ သူကဘာပြောသလဲဆိုရင် ဒီ မြို့တော်ဝန်ကြီးရဲ့ အစီအစဉ်၊ မြို့တော်ဝန်ကြီးက ဂျပန်မှာ နေခဲ့တယ်။ ဂျပန်မှာဆိုလို့ရှိရင် ဒီ ပုဂ္ဂလိက ကားတွေကို ထားနိုင်အောင်လို့ ပါကင်ကြီးတွေ လုပ်တယ်။ အဲဒီအပေါ်မှာမှ ကွင်းလေးတစ်ခုလုပ်ပြီးတော့ ပြည်သူတွေ ကစားစေတယ် ပေါ့နော်၊ အဲဒီ အစီအစဉ်မျိုးကို သူကနှစ်ခြိုက်သဘောကျတဲ့အတွက် ဒီလိုမျိုးလုပ်တယ်လို့ ပြောပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဓိကကတော့ ဂျပန်မှာ လုပ်တာမျိုးကတော့ နဂိုကားပါကင်ကို လုပ်ပြီး တော့မှ ပန်းခြံကို အပိုထည့်ပေးတာပါ။ မူရင်းပန်းခြံကိုတော့ ကားပါကင်လုပ်မယ့် အစီအစဉ်ရှိမယ် မထင်ပါဘူးခင်ဗျား။ ဒါနဲ့ပတ်သက်လို့လည်း ပြည်သူတွေက ဒီလိုပန်းခြံလုပ်မယ့် အစီအစဉ်ကြောင့် စိတ်နှလုံးထိခိုက်ကြေကွဲနေပါတယ်ဆိုပြီး ပြောတဲ့အခါကျတော့ သူက ဒီကိစ္စနဲ့လည်း မစိုးရိမ်ပါနဲ့တဲ့ ဒါနဲ့ ပတ်သက်လို့ သူတို့ Survey အဓိကလုပ်ပြီးပါပြီတဲ့၊ ဒီမှာပန်းခြံကို ကားပါကင်လုပ်ဖို့ အစီအစဉ်ကို ကြိုက်/မကြိုက်နဲ့ ပတ်သက်လို့ သူတို့ လိုက်ပြီး Survey လုပ်တဲ့အခါမှာ အားလုံးက ကြိုက်ကြောင်း၊ နှစ်သက်ကြောင်း၊ ကြိုဆိုကြောင်းပြောတဲ့အတွက် သူတို့ လုပ်တယ်လို့ ပြောပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီလို Survey လုပ်တဲ့ အစီအစဉ်ဟာ ကျွန်တော်လို တောင်ဥက္ကလာပမှာနေတဲ့ တောင်ဥက္ကလာပ ကိုယ်စားလှယ် တစ်ယောက်တောင် မသိလိုက်ပါဘူး။ ဒါနဲ့ပတ်သက်လို့လည်း သူ ပြောတဲ့အတိုင်း လိုက်ပြီးတော့ စုံစမ်းတဲ့အခါမှာ ဘယ်သူမှ မသိလိုက်ပါဘူး။ တစ်နည်းအားဖြင့် ကော်မတီဝင်ကြီးဟာ အလိမ်အညာခံ လိုက်ရတာပါ ခင်ဗျား။ တစ်နည်းအားဖြင့်ပေါ့ လုပ်ငန်းရှင်တွေ၊ ဒီ အကျိုးလိုလားတဲ့ သူတွေရဲ့ အလိမ်အညာကို ခံလိုက်ရတယ်လို့ပဲ ကျွန်တော်ထင်ပါတယ်။

ဒါကြောင့် သူပြောတဲ့အတိုင်း ကျွန်တော်ကတော့ ပွင့်ပွင့်လင်းလင်း တကယ်ပြည်သူတွေ ဘယ်လိုဆန္ဒရှိတယ်ဆိုတာသိအောင်လို့ ကျွန်တော် Survey လုပ်ပါတယ်။ လုပ်တဲ့အခါမှာ လွှတ်တော် အစည်းအဝေးလည်း နီးတဲ့အခါမှာ ကျွန်တော်ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်ပါဘူး။ အဲဒီနားတစ်ဝိုက်မှာ ရှိတဲ့ ပြည်သူ(၄၀၀)ဆီကို Survey လုပ်ပါတယ်။ လုပ်တဲ့အခါကျတော့ ကျွန်တော်ကဖိအားမပေးပါဘူး။ ခင်ဗျားတို့ ဒီ ပန်းခြံကြီးကို ကားပါကင်လုပ်မယ့် အစီအစဉ် ကို ကြိုက်/မကြိုက် လက်မှတ်ထိုးပေးပါ ဆိုတဲ့ အတွက် လူ(၄၀၀)နီးပါး ကျွန်တော်ရပါတယ်။ လူ(၄၀၀)နီးပါးမှာ လက်မှတ်ထိုးတဲ့အထဲမှာ ဒီဟာကို ဆန့်ကျင်ကန့်ကွက်တဲ့ သူက (၄၀၀)နီးပါးရှိပြီးတော့ (၁)ဦးသာ ထောက်ခံပါတယ်ခင်ဗျား။ ဟာ အဲဒီတော့ ကျွန်တော်ကလည်း ထောက်ခံတဲ့သူ (၁)ဦးထဲရှိတဲ့အတွက် အဲဒီ(၁)ဦးကို ကျွန်တော်သွားတွေ့ပါတယ်။ ကဲ

ဘယ်သူလဲ၊ ဘယ်ဝါလဲ၊ ဘာကြောင့် ဒီလို ထောက်ခံ တာလဲဆိုပြီးတော့ ကျွန်တော်ကိုယ်တိုင်သွားတွေ့တဲ့ အခါမှာ ထူးထူးဆန်းဆန်း ဒီလူက ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တကယ့်အမာခံတစ်ဦးပါ။ အဲဒီ ကျွန်တော်တို့ (၁၂)ရပ်ကွက်ကပါ။ သူကတော့ ဒီအစီအစဥ်ကို ထောက်ခံကြောင်း၊ ကြိုဆိုကြောင်း၊ လက်ခံကြောင်း ပြောပါတယ်။ အဲဒီတော့ ကျန်တဲ့ လူတွေကတော့ ပြောမယ်ဆို ပြည်ခိုင်ဖြိုး ပါတီကလူ အများစုပဲ ဒီဟာကို ကန့်ကွက်ကြောင်း ကျွန်တော်ကို ပြောပါတယ်။ တစ်နည်းအားဖြင့် ဒီကိစ္စမှာ ပါတီအစွဲအလမ်း လည်းမရှိဘူး။ တောင်ဥက္ကလာပက ပြည်သူတွေက တောင်ဥက္ကလာပကိုချစ်တဲ့ စိတ်နဲ့ တောင်ဥက္ကလာပမြို့နယ် တည်စကတည်းက တစ်ခါတည်းပေါ်ပေါက်ခဲ့တဲ့ ပန်းခြံလေးကို ကားပါကင် ဖြစ်မှာကို ဆန့်ကျင် ကန့်ကွက်ကြခြင်း ဖြစ်ပါတယ်။

ဒါကြောင့် သူတို့ ဒီလို ဆန့်ကျင်ကန့်ကွက်ရတဲ့ ရည်ရွယ်ချက်နဲ့ပတ်သက်လို့ ဒီလိုကြီး ကားပါကင်ကြီး လုပ်လိုက်ရင်တဲ့ ဘာတွေဆိုးကျိုးဖြစ်မှာလဲဆိုလို့ရှိရင် သူ တင်ပြထားပါတယ်။ ဒီလို အထပ်မြင့်ကြီး ဖြစ်သွားတဲ့အတွက် ပန်းခြံနေရာမှာ ကလေးသူငယ်တွေ၊ သူကြီးရွယ်အိုတွေဟာ အထပ်အမြင့်ကို မတက်ရောက်နိုင်သဖြင့် အပန်းဖြေနေရာ ဆုံးရှုံးသွားပါမယ်။

နောက်တစ်ခါ အပေါ်ဆုံးထပ်က ကွန်ကရစ်ကြမ်းပြင်ကြီး ဖြစ်သဖြင့် သစ်ပင်ကြီးများ မရှိတဲ့ အခြေအနေဖြစ်ပြီးတော့ သဘာဝပတ်ဝန်းကျင် အနေအထားမရှိဘဲနဲ့ အောက်က ကွန်ကရစ်၊ အပေါ်က နေပူဒဏ်ခံရမယ့် အနေအထား ဖြစ်နေပါတယ် ခင်ဗျား။ နံပါတ်(၃)အချက်ကတော့ ဒီကားပါကင် အဆောက်အဦကြောင့် ပုဂ္ဂလိကကားပိုင်ရှင်များကတော့ ကားထားဖို့နေရာရမယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကားထားတဲ့သူဆီက ပိုက်ဆံကောက်မယ်ဆိုရင် ပုဂ္ဂလိက ကားပိုင်ရှင်နဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကတော့ အကျိုးအမြတ်ရှိမှာ သေချာပါတယ်။ ဒါပေမဲ့ သူတို့ အကျိုးအမြတ်ရှိလို့ ပြည်သူတွေက ကန့်ကွက်ခြင်း မဟုတ်ပါဘူးတဲ့။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်သူတွေအတွက် ငွေကြေးဖြင့် ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရတဲ့ ပန်းခြံလေးတစ်ခုဟာ၊ နေရာလေး တစ်ခုဟာ တောင်ဥက္ကလာမြို့တည်စကတည်းက ပေါ်ခဲ့တဲ့ ပန်းခြံလေးတစ်ခုဟာ ထာဝရ ဆုံးရှုံးသွားမှာ ဖြစ်တဲ့အတွက် သူတို့ ကန့်ကွက်ခြင်းဖြစ်တယ်လို့ ပြောပါတယ်။

နောက်ပြီးလို့ရှိရင် ဒီလိုမျိုးပေါ့။ ဒီတောင်ဥက္ကလာမှာ မြေဈေးတော်တော်ကြီးပြီး မြေနေရာ လွတ်တွေ တော်တော်ရှားနေပါပြီခင်ဗျား။ အဲဒီတော့ နိုင်ငံတော် အခမ်းအနားတွေ၊ လွတ်လပ်ရေးကဲ့သို့ နိုင်ငံတော်အခမ်းအနားတွေ၊ ဘာသာရေးဆိုင်ရာဟောပြောပွဲတွေ၊ စာပေဟော ပြောပွဲတွေ လုပ်ဖို့နေရာ လည်း မရှိတော့ပါဘူး။ လမ်းကို ပိတ်ပြီး လုပ်ရမယ့်အနေအထား ဖြစ်နေပါပြီ ခင်ဗျား။

ဒါကြောင့် ဒီလိုပန်းခြံလေးလုပ်တာဆိုလို့ရှိရင် ပြည်သူအများရဲ့ ထိခိုက်နစ်နာမှုကို ဖြစ်နေ ပါတယ်။ ပြည်သူများကလည်း ထိခိုက်ခံစားနေရတဲ့အတွက် ဒီပန်းခြံလုပ်မယ့်အစီအစဥ်ကို ဖျက်သိမ်း ပေးရန်ပါ။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော် လက်ရှိ လွှတ်တော်မလာခင် သွားကြည့်တဲ့အခါမှာ သူတို့ ဆောက်တဲ့ ကားပါကင်က သံဖရိန် နဲ့ ဆောက်တာပါ။ သံဖရိန် နဲ့ ဆောက်တဲ့အတွက် အခြား တစ်နေရာကို ရွှေ့လို့ရပါတယ်။ အခု မနေ့ကလည်း မြန်မာ့အလင်း သတင်းစာထဲမှာ ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီဟာ တောင်ဥက္ကလာပမှာ ရှိတဲ့မြေကွက်တွေကို လေလံချထား ရောင်းချဖို့ကို တင်ဒါ ခေါ်နေပါပြီ။ အဲဒါဆို အထိမ်းအမှတ်က တောင်ဥက္ကလာပမှာ မြေလွတ်တွေရှိတယ် ဆိုတဲ့ အထိမ်းအမှတ်ပါပဲ။ ရောင်းဖို့နေရာ လွတ်တွေရှိတယ်။ အဲဒီနေရာတစ်ခုကို ပြောင်းရွှေ့ပေးမယ် ဆိုလို့

ရှိရင် တောင်ဥက္ကလာပ မိဘပြည်သူ တွေဟာ စိတ်နှလုံးချမ်းသာမှာ ဖြစ်တဲ့အတွက်ကြောင့် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဝိုင်းမော်မြို့နယ် မြို့ဦးဖြစ်သော အမှတ်(၁)ရပ်ကွက်၏ ဧရာဝတီမြစ်ကမ်းပါးအား ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် အလျား(၄၇၂)ပေရှိ ကျောက်စီမြစ်ကမ်းထိန်းနံရံ အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း က ဝိုင်းမော်မြို့နယ် မြို့ဦးဖြစ်သော အမှတ်(၁)ရပ်ကွက်၏ ဧရာဝတီမြစ်ကမ်းပါးအား ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေး အတွက် အလျား(၄၇၂)ပေရှိ ကျောက်စီမြစ်ကမ်းထိန်းနံရံ အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ သမ္မတရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး များ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်ရဲ့ ချမ်းသာခြင်း၊ ကိုယ်ရဲ့ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော် ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခွင့်ရရှိတဲ့အတွက် ကျေးဇူးတင်ရှိ ကြောင်း ဦးစွာပြောလိုပါတယ်။

မေးခွန်းကတော့ ကချင်ပြည်နယ် ဝိုင်းမော်မြို့ရဲ့ မြို့ဦးဖြစ်သော အမှတ်(၁)ရပ်ကွက်မှာ ဧရာဝတီမြစ်ကမ်းပါး ရေတိုက်စားမှုအား ကာကွယ်နိုင်ရေးအတွက် အလျား(၄၇၂)ပေရှိ ကျောက်စီ မြစ်ကမ်း ထိန်းနံရံအား အမြန်ဆုံးပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မေးခွန်းနဲ့ပတ်သက်ပြီး အနည်းငယ် ရှင်းပြ ခွင့်ပြုပါရန် တင်ပြလိုပါတယ်။ ဝိုင်းမော်မြို့ အမှတ်(၁)ရပ်ကွက်ဟာ ဧရာဝတီမြစ်ကြီး၏ အရှေ့ဖက်ကမ်း မျက်နှာဖုံး ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်တာနဲ့အညီ လူနေအိမ်ခြေထူထပ်ပြီး စည်ကားသော ကူးတို့ဆိပ် တစ်ခု ဖြစ်ပါတယ်။ မြစ်ကြီးနား-ဝိုင်းမော် ကူးတို့ဆိပ်ကမ်းပါးသည် နှစ်စဉ် မြစ်ရေကြီးမှု၊ ရေကြောင်း ပြောင်းလဲတိုက်စားမှုတို့ကြောင့် ၂၀၁၄ ခုနှစ်အတွင်း ဧရာဝတီမြစ်ကမ်းပါး တိုက်စားမှုသည် ပိုမိုပြီးတော့ ဆိုးရွားလာပြီးတော့မှ ကမ်းပါးရှိ သစ်ပင်ကြီးများ ပြိုကျမျောပါသွားခဲ့ပါတယ်။

မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အဆက်ဆက် ဆောင်ရွက်ခဲ့သော ကိုယ်ထူကိုယ်ထ သစ်သားတိုင် ကျောက်ထည့်ရေတားများ အောက်ခြေပေ (၁၅၀)ခန့်ရှိ အုတ်စီအုတ်ကျိုး ရေတားများလည်းပဲ ပျက်စီး သွားသဖြင့် ကမ်းပါးနေအိမ်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဝိုင်းမော်မြို့ ရေပေးစက်ရုံများနှင့် ရေတွင်း နေရာများ၊ အပန်းဖြေအနားယူနေရာများ၊ ဌာနဆိုင်ရာရုံးများ၊ခြံစည်းရိုးများအထိ ရေတားများ မရှိတော့သဖြင့် ရေတိုက်စားပြိုကျပျက်စီးလာရာ အလွန်ပဲ စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ပျက်စီးသွားသော ဓာတ်ပုံမှတ်တမ်းများကိုလည်းပဲ ပူးတွဲတင်ပြထားတာ ရှိပါတယ်။

လာမယ့် ၂၀၁၅ ခုနှစ်မှာ မိုးရာသီ၌ ဧရာဝတီမြစ်ကြီး ဆက်လက်တိုက်စား ခံရပါက ထပ်မံပြိုကျပျက်စီးသွားနိုင်ပါသဖြင့် အချိန်မီ ကျောက်စီရေကာတာများ မဖြစ်မနေ ထိန်းသိမ်းပေးနိုင်ရန် လိုအပ်လာပါ၍ မြို့နေလူထုများမှလည်းပဲ တင်ပြတောင်းဆိုလာတာ ရှိပါတယ်။ သို့ဖြစ်ပါ၍ မြို့ရွာများနဲ့ဌာနဆိုင်ရာရုံးများ ရေရှည်တည်တံ့ ခိုင်မြဲနေနိုင်ရန်အတွက် မြစ်ကမ်းထိန်းနံရံအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကို မြို့ရွာပြည်သူလူထုများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မေတ္တာကျေးရွာကို မြို့အဖြစ် တိုးမြှင့်လိုက်ရာမှ တိုင်းရင်းသား ရွာသားများ၏ ဘိုးဘွားပိုင်မြေများ ဆုံးရှုံးမှုအပေါ် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက် က မေတ္တာကျေးရွာကို မြို့အဖြစ် တိုးမြှင့်လိုက်ရာမှ တိုင်းရင်းသား ရွာသားများ၏ ဘိုးဘွားပိုင်မြေများ ဆုံးရှုံးမှုအပေါ် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးစိုးသက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေတ္တာကျေးရွာကို မြို့အဖြစ် တိုးမြှင့်လိုက်ရာမှ တိုင်းရင်းသား ရွာသားများ၏ ဘိုးဘွားပိုင်မြေများ ဆုံးရှုံးမှုအပေါ် မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ ပတ်သက်တဲ့ မေးခွန်း ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေတ္တာကျေးရွာဟာ တစ်ချိန်တုန်းက သောင်းကျန်းမှုစိုးမိုးခဲ့တဲ့ ဧရိယာအတွင်းထဲမှာ ရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂၀၀၄-၂၀၀၅ မှာမှ မေတ္တာကျေးရွာကို ကျွန်တော်တို့ မြို့အဖြစ် အဆင့် တိုးမြှင့်ပေးလိုက်တာ ဖြစ်ပါတယ်။ ထားဝယ်မြို့ကနေပြီးတော့မှ (၃၄)မိုင်ခန့် အကွာအဝေးမှာ ရှိပြီးတော့ရင် မေတ္တာမြို့ကနေပြီးတော့မှ ကနေ့ တစ်ဖက်နိုင်ငံ ကန်ချနာဘူရီနဲ့ Deep Seaport ကို ဆက်သွယ်ထားတဲ့ လမ်းမကြီး၊ အဝေးပြေးလမ်းမကြီး ဖောက်လုပ်ထားတဲ့ လမ်းမကြီးပေါ်မှာ ရှိလာတဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ ဒီရွာဟာ ကနေ့အချိန်အထိ ကရင်တိုင်းရင်းသားများ အများစုနေထိုင်ခဲ့တဲ့ ရွာလည်း ဖြစ်ပါတယ်။ ကနေ့ အချိန်အထိလည်းပဲ ကျွန်တော်တို့ ပတ်ဝန်းကျင်ကျေးရွာများ တစ်ဝိုက်ဟာ အားလုံး ကရင်တိုင်းရင်းသား အများစုနဲ့ လွှမ်းမိုးနေတာ ရှိပါတယ်။ တစ်ချိန်တုန်းက ထားဝယ်မြို့ကနေ ထွက်လိုက်တာနဲ့ (၁၀)မိုင်၊ (၁၅)မိုင်လောက်ထိက ဒီဧရိယာတွေဟာ မငြိမ်းချမ်းတဲ့ ဧရိယာတွေ ဖြစ်ခဲ့ပါတယ်။ ကနေ့ ဒီဒေသမှာရှိတဲ့ ရွာသားများကလည်း တစ်ချိန်တုန်းက စစ်ဘေးစစ်ဒဏ်ကို တော်တော်လေးကို ခံစားခဲ့ရတဲ့ ကျေးရွာပဲ ဖြစ်ပါတယ်။ အဲဒီတော့ မေတ္တာဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ တနင်္သာရီတိုင်းရဲ့ ဒါ သင်္ကေတလေးတစ်ခု ဖြစ်ပါတယ်။

မေတ္တာကျေးရွာဟာ တည်နေရာအားဖြင့် ကျွန်တော်တို့ အကြမ်းဖျင်းပြောရလို့ရှိရင် တနင်္သာရီမြစ် စတဲ့နေရာမှာ မေတ္တာမြို့ဟာ တည်ရှိတာ ဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းမှာဆိုလို့ရှိရင် တနင်္သာရီအစ မေတ္တာက ဆိုတဲ့ စကားလေး ရှိပါတယ်။ တော်ရုံတန်ရုံ တော်တော်များများလည်း သိပ်မသိကြသေးပါဘူး။ အဲဒီတော့ ဒီနေရာမှာရှိတဲ့ မေတ္တာမှာရှိတဲ့ ရွာသားတွေအနေနဲ့ တစ်ချိန်တုန်းက

စစ်ဘေးစစ်ဒဏ် တော်တော်လေးကို ခံစားခဲ့ရပါတယ်။ ရွာက ခဏခဏ ပျက်လိုက်၊ အထုပ်အပိုး သယ်လိုက်၊ ပြေးလိုက်၊ လွှားလိုက်၊ ပြန်လည်အေးချမ်းလာတဲ့အခါမှာ ဒီရွာမှာပဲ ပြန်ပြီးတော့ နေလိုက် တချို့လည်းပဲ ခဏခဏရွာပျက်လွန်း အားကြီးတဲ့အခါကျတော့ တစ်ဘက်နိုင်ငံထဲမှာ သွားပြီးတော့ ဒုက္ခသည် စခန်းတွေမှာနေတာလည်း ကနေ့ချိန်ထိ ရှိတုန်းပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ တစ်ချိန်တုန်း ကတော့ ရွာအဖြစ် ကျေးရွာကြီးအဖြစ်အနေနဲ့ ရှိခဲ့ပါတယ်။ ယနေ့ မြို့အဖြစ် ရောက်လာတဲ့အခါကျတော့ ရွာသူ ရွာသား တော်တော်များများက သူတို့ဓလေ့စရိုက်ကိုက လွတ်လွတ်လပ်လပ်နဲ့ အေးအေးချမ်းချမ်း နဲ့ နေခဲ့ကြတဲ့ သဘာဝရှိတဲ့အတွက် မြို့အဖြစ် ပြောင်းလဲပေးလိုက်တဲ့အခါမှာ ပြဿနာလေးတွေ ရှိလာပါတယ်။

တချို့လည်းပဲ ရွာထဲ မှာ၊ တချို့လည်းပဲ ရွာဘေးနားက သူတို့ရဲ့ ဥယျာဥ်ခြံတွေ၊ ကျွန်တော်တို့ မြို့ကွက်ရိုက်တာတို့၊ စီမံခန့်ခွဲတာတို့ ဒီလိုလုပ်ပေးလိုက်တဲ့အခါမှာ မြို့အနေနဲ့တော့ တိုးတက်လာပါတယ်။ သို့သော် သူတို့ရဲ့ပိုင်ခဲ့တဲ့ မြေတွေဆုံးရှုံးခဲ့တာတွေရှိပါတယ်။ စီမံခန့်ခွဲတဲ့ အာဏာပိုင်အဖွဲ့အစည်းက လည်းပဲ ဒါ လုပ်ထုံးလုပ်နည်းအရ ကျွန်တော်တို့ မြို့အဖြစ်တိုးချဲ့တာဖြစ်တဲ့အတွက် လုပ်ပေးခဲ့ပေမယ့် ဒါကို ရိုးသားတဲ့ ရွာသားများအနေနဲ့တော့ စေတနာကို တချို့လည်း မမြင်ကြတာရှိပါတယ်။

တချို့ကလည်းပဲ ကနေ့ ဒီ Deep Seaport ကြီး လုပ်လိုက်တဲ့အခါမှာ အမြန်လမ်းမကြီး ပေါ်လာတဲ့အတွက် မေတ္တာဟာ တိုးတက်လာတဲ့အတွက် ဒီနေ့ မြေဈေး၊ ခြံဈေးလေးတွေလည်း ကောင်းလာတာလေးတွေလည်း ရှိပါတယ်။ ဒီပေါ်မှာ တချို့ မက်မောလာတာလေးတွေလည်းရှိပါတယ်။ အများအားဖြင့်ကတော့ ရိုးရိုးသားသားနဲ့ပဲ တစ်ချိန်တုန်းကလိုပဲ ဥယျာဥ်ခြံတွေထဲမှာ ရွာတည်၊ အိမ်ဆောက် ဒီလိုပဲ နေခဲ့ကြ၊ တိုက်ပွဲဖြစ်တော့လည်း ထွက်ပြေးလိုက်၊ အေးချမ်းသွားတော့လည်း တစ်ခါပြန်လာလိုက်နဲ့ ဒီလိုပဲ နေတဲ့ သဘာဝကိုပဲ မက်မောကြတဲ့အတွက် ကနေ့ မြို့ပြစရိုက် ရောက်လာတဲ့အခါမှာ သူတို့ နေခဲ့တဲ့ ဘဝနဲ့ အံဝင် ဂွင်မကျတာတွေရှိခဲ့ပါတယ်။

ဒီကြားထဲမှာမှ ကျွန်တော်တို့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း ဒီမြို့ကို လာရောက်ပြီး တော့ အုပ်ချုပ် တဲ့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များကလည်းပဲ ရွာသူရွာသားများရဲ့ ခံစားချက်ကို ကျွန်တော်တို့ နားမလည်ကြပါဘူး။ သူတို့လာတဲ့အခါမှာ ရွာသားများနဲ့ လက်ပွန်းတတီးမရှိဘဲနဲ့ ရွာသားများကို ကျွန်တော်တို့ မြို့အဖြစ် တိုးချဲ့တဲ့အတွက် ဘယ်လောက်ထိ နိုင်ငံတော်က စေတနာထားတယ်ဆိုတဲ့ အနေအထားမျိုးတွေကို ဒါ စည်းရုံးပြီးတော့ရင် မြှင့်တင်ပေးမယ့်အစား ဒီဒေသကို ရောက်လာတဲ့အခါမှာ သူတို့အကျိုးအမြတ်အတွက် ဖန်တီးသွားကြတာတွေလည်း ရှိတဲ့အတွက် ရွာသူရွာသား တော်တော် များများကလည်း ဒါနဲ့ ပတ်သက်ပြီးတော့ စိတ်ပျက်ကြပါတယ်။

ဒါကြောင့်မို့လို့ ဒီမြို့အဖြစ်ပြောင်းလဲတဲ့အခါမှာ ပါသွားတဲ့ မြေတွေရှိပါတယ်။ ဘိုးဘွားပိုင် မြေ တွေရှိပါတယ်။ ဥယျာဥ်ခြံမြေတွေရှိပါတယ်။ တချို့လည်းပဲ ခုနကျွန်တော်တင်ပြခဲ့သလို မြို့အဖြစ် ပြောင်း လဲသွားတဲ့အတွက် ဒါ အကွက်ရိုက်ပြီးတော့ စီမံခန့်ခွဲပြီး လူနေအိမ်တွေ ချထားပေးတာ ရှိသလို အစိုးရ ဌာန အဖွဲ့အစည်းများက ဒီမှာလာပြီးတော့ ကျွန်တော်တို့ ရုံးကနားစိုက်တာတွေရှိပါတယ်။ ရုံးမြေတွေ အဖြစ် သိမ်းပါတယ်။ ရုံးတွေစိုက်ကြပါတယ်။ ရုံးတွေဖွင့်ကြပါတယ်။ ရုံးအဆောက်အဦတွေ ဆောက်ကြ ပါတယ်။ အချို့ ဌာနများက ကျွန်တော်တို့ သိရသလောက်တော့ တော်တော်များများက လျော်ကြေး မပေးကြတာတွေရှိပါတယ်။ အဲဒီအတွက် တိုင်းရင်းသား ရွာသူ၊ ရွာသားများအနေနဲ့ ဒါလေးတွေကို သူတို့

လိုချင်မက်မော ရှိကြပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ အသိမ်းခံရတဲ့ မြေတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုများ လျော်ကြေးပေးဖို့ အစီအစဉ် ရှိပါသလဲ၊ လျော်ပေးခဲ့တဲ့ ဖြစ်စဉ်တွေများ ရှိပါသလား။

နောက်တစ်ခုကလည်းပဲ ဒီဒေသကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့အတွက် တကယ့်နိုင်ငံကို ချစ်တဲ့ တကယ့် မြို့ရွာတိုင်း အုပ်ချုပ်ကျွမ်းကျင်တဲ့ အုပ်ချုပ်ရေးပိုင်းက ပုဂ္ဂိုလ်များ စေလွှတ်ပေးဖို့ အစီအစဉ်ရှိ/မရှိနဲ့ ဒီဒေသဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုများလုပ်ဖို့ အစီအစဉ်ရှိပါသလဲဆိုတဲ့ မေးခွန်းမျိုး ကျွန်တော် မေးမြန်းသွားခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန် ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ၏ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်၍ တောင်ဥက္ကလာပမြို့နယ်၊ အဓိက လမ်းမကြီးများဖြစ်သော ရတနာလမ်းနဲ့ သုမင်္ဂလာလမ်းဆုံနေရာရှိ ရတနာပန်းခြံနှင့် မြသီတာပန်းခြံ(၂)နေရာ၌ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းရေးအတွက် အပန်းဖြေ ကစားကွင်းပါဝင်သော အများပြည်သူသုံး ယာဉ်ရပ်နားနေရာကို ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ပေးလျက်ရှိပါတယ်။ တောင်ဥက္ကလာပမြို့နယ်ကို ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအရ မြို့သစ်တစ်မြို့နယ်အဖြစ် တိုးချဲ့တည်ဆောက်ခဲ့ပါတယ်။ ထိုသို့ တည်ဆောက်စဉ် အဆိုပါ ပန်းခြံနေရာ(၂)ခုမှာ မြေကွက်လပ်အဖြစ် သာရှိပြီး ၁၉၉၀ ခုနှစ်တွင် ရတနာပန်းခြံနှင့် မြသီတာပန်းခြံအဖြစ် အမည်ပေး၍ ထိန်းသိမ်းခဲ့ပါတယ်။

အဆိုပါ ပန်းခြံနေရာ(၂)နေရာနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များမှလည်း လွှတ်တော်အစည်းအဝေးအသီးသီးတွင် အောက်ဖော်ပြပါအတိုင်း မေးခွန်းများ မေးမြန်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် မှ အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် ရတနာ ပန်းခြံနှင့် မြသီတာပန်းခြံတို့အား အဆင့်မြင့် မွမ်းမံခြင်းလုပ်ငန်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး

နှစ်တွင် ငွေကြေးလျာထားချက် ရှိ/မရှိ နှင့် အများပြည်သူအကျိုးပြု အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှိ/မရှိတို့အား မေးမြန်းခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၁၁)ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းအောင် မှ ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ရတနာပန်းခြံနှင့် မြသီတာပန်းခြံများမှာ ပျက်စီး ယိုယွင်းလျက်ရှိကြောင်း ရပ်ကွက်နေ ပြည်သူလူထုနှင့် ပြည်သူလူထု အကျိုးပြုစေမည့် သင့်လျော် သော အစီအမံများ ဆောင်ရွက်ပေးရန် ရှိ/မရှိတို့အား မေးမြန်းခြင်းတို့ ဖြစ်ပါတယ်။

အထက်ပါ မေးမြန်းချက်များနှင့် ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အနေဖြင့် အဆိုပါ ပန်းခြံနေရာ(၂)နေရာတွင် လက်ရှိ တောင်ဥက္ကလာပမြို့နယ်နေ ပြည်သူများ လက်တွေ့ ရင်ဆိုင်ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုများအား လျော့နည်းစေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အများပြည်သူ အပန်းဖြေကစားကွင်း တစ်ကွင်းစီပါဝင်သော အများပြည်သူသုံး သီးသန့်ယာဉ်ရပ်နား နေရာအဖြစ် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြု၍ ပြန်လည် ဖြေကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။

အဆိုပါ အများပြည်သူသုံး သီးသန့်ယာဉ်ရပ်နားရာနေရာတွင် တည်ဆောက်မည့် အဆောက် အဦ အမျိုးအစားမှာ အလျား (၁၁၀) ပေ၊ အနံ(၁၁၄)ပေ၊ အမြင့်(၄၅)ပေရှိ Steel Structure Pile Foundation အမျိုးအစားဖြစ်ပြီး အဆောက်အဦ(၂)လုံး၏ သုံးထပ်တွင် ယာဉ် ဝင်ဆံ့မှုမှာ (၂၈၂)စီး အထိရှိမည်ဖြစ်ပြီး အပေါ်ဆုံးလေးထပ်တွင် အများပြည်သူအပန်းဖြေ ကစားကွင်း တစ်ကွင်းစီကို ထည့် သွင်း တည်ဆောက်သွားမည်ဖြစ်ပါတယ်။

ယခုအခါ အဆိုပါ ပန်းခြံမြေနေရာ(၂)နေရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်း ချက်အပေါ် ကတိကဝတ်နှင့်အညီ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေလျက်ရှိပြီး မြေနေရာ (၂)နေရာစလုံးတွင် မြေပြုပြင်ခြင်းလုပ်ငန်း(၁၀၀)ရာခိုင်နှုန်းပြီးစီးပြီး၊ Press Pile (၁၄၆)ချောင်း ရိုက်ခြင်း လုပ်ငန်း(၁၀၀) ရာခိုင်နှုန်းပြီးစီးပြီး၊ Pile များ မြေကြီးတူးခြင်းလုပ်ငန်း (၃၀) ရာခိုင်နှုန်းပြီးစီး၊ လုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူစုဆောင်းခြင်းဟာ(၃၅) ရာခိုင်နှုန်းထိ ပြီးစီးပြီးဖြစ်ပါတယ်။ ယခုနှစ် ဘဏ္ဍာရေးနှစ် ကုန်တွင် အပြီးတည်ဆောက်နိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

အထက်ဖော်ပြပါ တောင်ဥက္ကလာပမြို့နယ်၊ ရတနာပန်းခြံနှင့် မြသီတာပန်းခြံနေရာတို့တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်အပေါ် ကတိကဝတ်အနေဖြင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေလျက်ရှိသည့်အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေ ဖြင့်လည်း တောင်ဥက္ကလာပမြို့နယ်အတွင်း အများပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေအနား ယူနိုင်ရန်အတွက်(၁၀)ရပ်ကွက်၊ သုမင်္ဂလာလမ်းဘေးရှိ အကျယ်အဝန်း(၃.၀၅၅)ဧကရှိ သုမင်္ဂလာ ပန်းခြံအား ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တည်ဆောက်ပေးလျက်ရှိခြင်း၊ ကလေး ကစားကွင်းနှင့် အားကစားကွင်း စုစုပေါင်း(၁၃)ကွင်းအထိ တည်ဆောက်ပေးခဲ့ပြီးဖြစ်ခြင်း တို့ကြောင့် အဆိုပါ နေရာများတွင် အများပြည်သူများ အပန်းဖြေအနားယူနိုင်သည့်အပြင် ကျန်းမာရေး အတွက် လေ့ကျင့်ကစားခြင်းများ၊ အများပြည်သူဆိုင်ရာ အခမ်းအနားများ၊ ဘာသာရေးပွဲများ၊ စာပေဟောပြောပွဲ

များကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ရယူပြီး လွတ်လပ်စွာ ကျင်းပနိုင်မည့် မြေနေရာများလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းနှင့် ရတနာလမ်းဆုံရှိ ရတနာပန်းခြံနှင့် မြသီတာပန်းခြံနေရာ(၂)နေရာတွင် တည်ဆောက်လျက်ရှိသော အများပြည်သူ သီးသန့်သုံး ကားပါကင် နှင့် အပန်းဖြေကစားကွင်းတို့သည် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ မေးမြန်းချက်အရ ဖြေကြားချက် အပေါ် ကတိကဝတ်ပြု လုပ်ငန်းများအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိခြင်း၊ ရပ်ကွက်နေ ပြည်သူများနှင့် အများပြည်သူ လက်တွေ့ ရင်ဆိုင်နေရသော ယာဉ်ကြောပိတ်ဆို့မှု လျှော့ချရေးအတွက် ရည်ရွယ်၍ သီးသန့်ယာဉ်ရပ်နားရာနေရာအဖြစ် တည်ဆောက်နေခြင်း၊ လက်ရှိမြေပြင်တွင် တည်ဆောက် မှုလုပ်ငန်းများ၏ လက်တွေ့ကျကျ ဆောင်ရွက်နေသည်ဖြစ်ခြင်း စသည်တို့သည် အများပြည်သူများ၏ အကျိုးငှာ အများနှင့်သက်ဆိုင်သော မြေနေရာ၌ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအရ အကျိုးရှိစွာ ဦးစားပေး ဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်သည့်အတွက် အပန်းဖြေကစားကွင်း ပါဝင်သော အများပြည်သူ သီးသန့်သုံး ကားပါကင် တည်ဆောက်ခြင်းလုပ်ငန်းအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်သာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ၏ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ကချင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ အမှတ်(၁)ရပ်ကွက်ရှိ ဧရာဝတီကူးတို့ဆိပ်နေရာတွင် ယခင်က ကူးတို့ဆိပ် ဆင်း/တက်သည့် ကွန်ကရစ်လှေကားများ၊ အပန်းဖြေနားနေနိုင်ရန် ထိုင်ခုံများသည် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျ၍ လှေကားနှင့် ထိုင်ခုံများ ပျက်စီးသွားသဖြင့် ပြည်သူလူထုများ၏ လိုအပ်ချက်အရ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများ၊ စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီတို့မှ ညှိနှိုင်း၍ ထိုင်ခုံများ ပြန်လည်တပ်ဆင်ခြင်း၊ ကမ်းပါးပြိုသည့်နေရာများအား သဲအိတ်များဖြည့်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးနိုင်ရန် နုန်းမြေဖို့ခြင်း လုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိလျက်ရှိပါတယ်။

ကချင်ပြည်နယ်အစိုးရအနေဖြင့် ကမ်းပြိုမှုကာကွယ်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ် ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက် စေပြီး ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ မဖြစ်မနေ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးအလိုက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း(၁၀)ခုကို တင်ဒါ စနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိခဲ့သည့် လုပ်ငန်း(၁၁)ခုအား တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအား လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်း တိုင်းတာတွေ့ရှိချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သီးသန့်ရန်ပုံငွေဖြင့် ကမ်းပါးပြို ကမ်းပြို ကာကွယ်ရေးလုပ်ငန်း (၁၂)ခုအား ဆောင်ရွက်ပေးပါရန်လည်း ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်စွဲပါ စာအမှတ်၊ ၁၂၂/၁-၂/အစိုးရအဖွဲ့(ကချင်) ဖြင့် ပို့ဆောင်ရေး

ဝန်ကြီးဌာန၊ ပြည်ထောင်စုရုံးသို့ ရန်ပုံငွေ တင်ပြတောင်းခံထားပြီးဖြစ်ပြီး သီးသန့်ရန်ပုံငွေ တင်ပြတောင်းခံထားသည့် စာရင်းတွင် ဝိုင်းမော်မြို့နယ်၊ ဧရာဝတီနှင့် နန့်မြင်းချောင်းဆုံရာနေရာတွင် ကျောက်စီမြေထိန်းနံရံ (၃၀၀)ပေ ဆောင်ရွက်မည့်လုပ်ငန်း ပါရှိပါတယ်။

ဝိုင်းမော်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ ဧရာဝတီမြစ်ကမ်းပါး ရေတိုက်စားမှုကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး ဆောင်ရွက်သင့်သော ဒီဇိုင်းပုံစံနှင့် ခန့်မှန်းကုန်ကျစရိတ်အား သက်ဆိုင်ရာ ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြ အတည်ပြုချက်ရယူ၍ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြစေပြီး နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ တောင်းခံ၍သော်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၌ ထည့်သွင်းရေးဆွဲ တောင်းခံ၍သော် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ တတိယမေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသက် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်မှပဲ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လေးစားစွာနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ မေတ္တာမြို့(ယခင်မေတ္တာမြို့နယ်ခွဲ)မှ မြို့ပြထူထောင်အသုံးပြုလျက်ရှိသည့် နေရာနှင့်စပ်လျဉ်း၍ ၁၉၉၇ ခုနှစ်တွင် ဒေသအခြေအနေနှင့် ဖွံ့ဖြိုးရေးစီမံချက်အရ ရွာမြေအဖြစ် သိမ်းယူခဲ့ပြီး စနစ်တကျရှိစေရန် မြေကွက်ရိုက်ချမှတ်ပေးခဲ့ပါတယ်။ အဆိုပါအချိန်ကာလ၌ မေတ္တာမြို့ရှိ ဒေသခံရွာသားများအတွက် အမှန်တကယ်နေထိုင်လျက်ရှိသော အိမ်ထောင်စုတစ်စုလျှင် (၆၀×၈၀)ပေ မြေကွက်တစ်ကွက်နှုန်း မြေနေရာအား မဲစနစ်ဖြင့် ချထားပေးခဲ့ပါတယ်။

မြို့ပြတည်ထောင်ခြင်းအသုံးပြုလျက်ရှိသည့် နေရာနှင့်ပတ်သက်၍ မေတ္တာမြို့ရှိ ဒေသခံရွာသား (၃၅)ဦး၏ တင်ပြချက်အရ စိစစ်ပြီး ၂၂-၉-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၁၄)တွင် တင်ပြဆောင်ရွက်ခဲ့ရာ ဆုံးဖြတ်ချက် အပိုဒ်(၅)ဏ အရ တင်ပြစာနှင့် ပတ်သက်၍ ရသင့်ရထိုက်သူများကို အစားထိုးမြေနေရာများ ပေးပြီးဖြစ်သည့်အပြင် တင်ပြစာပါ မြေနေရာများတွင် လူနေအိမ်များ၊ သာသနာရေးဆိုင်ရာ အဆောက်အဦများ၊ ရုံးများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ ဆောက်လုပ် အသုံးပြုနေပြီဖြစ်သဖြင့် လက်ရှိအခြေအနေအရ မြေကွက်အစားထိုးချထား ပေးရန် မြေနေရာမရှိကြောင်းနှင့် မဖြစ်နိုင်သေးကြောင်းကို ဒေသခံရွာသားများအား နားလည် သဘောပေါက်အောင် ရှင်းလင်းဆောင်ရွက်စေရေးအတွက် ထားဝယ်ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီသို့ အကြောင်းကြား ဆောင်ရွက်ခဲ့ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ မေတ္တာမြို့(ယခင်မေတ္တာမြို့နယ်ခွဲ)သို့ ရောက်ရှိလာသော ဝန်ထမ်းများအား ဒေသအပေါ် ချစ်တတ်သော၊ တာဝန်ကျေအောင် ထမ်းဆောင်တတ်သော၊ ဒေသခံတိုင်းရင်းသားများ လက်ခံသော ဝန်ထမ်းများဖြစ်အောင် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၂၀၁၃ ခုနှစ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ၂၀၁၄ ခုနှစ်၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးအတွက် တာဝန်ပေးဆောင်ရွက် လျက်ရှိပါတယ်။

မေတ္တာမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများ၏ လိုအပ်ချက်များအနက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များမှ စိစစ်တင်ပြသည့် လုပ်ငန်းများအား နှစ်စဉ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေ၊ ပညာရေးဝန်ကြီးဌာနရန်ပုံငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်မှာ အများပြည်သူရဲ့အကျိုးစီးပွားအတွက် ဒီ စီမံကိန်းကို အကောင်အထည်ဖော်တယ်လို့ ဖြေကြားသွားပါတယ်။ အဲဒီတော့ အများပြည်သူရဲ့ အကျိုးစီးပွားနဲ့ဆိုတာနဲ့ ပတ်သက်တော့ ကျွန်တော် တင်ပြချင်တာက။ အကျိုးစီးပွား ဆိုတာ ငွေရေးကြေးရေးဆိုင်ရာ အကျိုးစီးပွားလည်း ရှိတယ်။ စိတ်ပိုင်းဆိုင်ရာ အကျိုးစီးပွားလည်း ရှိပါတယ်။ ကျွန်တော် အပါအဝင် တောင်ဥက္ကလာ မိဘပြည်သူတွေကတော့ စိတ်ပိုင်းဆိုင်ရာ အကျိုးစီးပွား ထိခိုက်ပါတယ် ခင်ဗျား။

ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်ကတင်ပြတာက ပြည်သူရဲ့ကိုယ်စားတင်ပြတာဟာ အားလုံးက ဒီကိစ္စနဲ့ပတ်သက်လို့ ပြည်သူတွေဟာ စိတ်ထိခိုက်ခံစားနေတယ်ဆိုတာ တင်ပြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးရဲ့ဖြေကြားချက်မှာ ဆိုလို့ရှိရင် ပြည်သူအကျိုးစီးပွားကို အများဖော်ဆောင်တဲ့ သဘောမျိုး ဖြေသွားပါတယ်။ အဲဒီတော့ အကျိုးစီးပွားဆိုတာ ဘာအကျိုးစီးပွားလဲ၊ အများပြည်သူ ထိခိုက်ပြီးတော့မှ တခြားလူရဲ့ အကျိုးစီးပွားကို ထိခိုက်အောင်လုပ်တာဆိုလို့ရှိရင်တော့ ဒါ အကျိုးစီးပွားလို့ ဖြေကြားလို့မရပါဘူး ခင်ဗျား။

ဒါကြောင့် ဒီဖြေဆိုချက်ကို ကျွန်တော် လက်ခံနိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် အများပြည်သူစိတ်နှလုံးထိခိုက်တဲ့ ဒီလုပ်ငန်းကို ပြန်လည်စဉ်းစားပေးပါရန် တင်ပြအပ်ပါတယ်။ နောက်တစ်ခုဆက်လက် တင်ပြချင်တာက အခုဟာက ပန်းခြံအဖြစ် စည်ပင်သာယာက ဝန်ကြီး အဖြေထဲမှာ (၁၉၉၀) ခုနှစ်တည်းက ပန်းခြံအဖြစ်သတ်မှတ်ပြီးသားဆိုတာ ဒီ တပ်မတော်အစိုးရလက်ထက်မှာထဲက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ က သတ်မှတ်ပြီးသားပါ။

တခြားမြေလွတ်၊ မြေရိုင်းကြီးမဟုတ်ပါဘူး။ ပန်းခြံဟာ ပန်းခြံအဖြစ်သာ ဆက်လက် တည်ရှိနေရမှာ ဖြစ်ပါတယ်။ ဒီလိုသာ ပန်းခြံကို ကားပါကင်လုပ်ရတဲ့ စီရင်ထုံးဖြစ်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ လွတ်လပ်ရေးကျောက်တိုင်နဲ့အတူ ပေါ်ပေါက်လာတဲ့ ဆူးလေပန်းခြံကြီးကိုလည်း ကားပါကင်လုပ်လို့ရတယ်ဆိုတဲ့ စီရင်ထုံး ဖြစ်သွားပါလိမ့်မယ်ခင်ဗျား။ ဒါကြောင့် ပန်းခြံလို့ သတ်မှတ်ပြီးသားဖြစ်တဲ့အတွက် ကားပါကင်လုပ်တဲ့ စီမံကိန်းကိုတော့ ပြန်လည်စဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဦးစိုးသက်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခုန ဒုတိယဝန်ကြီး ဖြေသွားတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ လျော်ကြေးနဲ့ပတ်သက်ပြီး ပေးနိုင်တဲ့အကြောင်းကို ဆွေးနွေးသွားတာလား၊ မပေးနိုင်တဲ့အနေအထားကို ဆွေးနွေးသွားတာလား၊ ကျွန်တော် နည်းနည်းသိချင်ပါတယ်။ ခုန အစည်းအဝေး ဆုံးဖြတ်ချက်အရ ဘာကြောင့်လဲ

ဆိုတော့ ယနေ့ အချိန်ထိ ဒီကျေးရွာက ကျွန်တော်တို့ ပြောမယ်ဆိုလို့ရှိရင် ကနေ့မှ ငြိမ်းချမ်းရေးယူတဲ့ အဖွဲ့ အစည်းတွေနဲ့ ပတ်သက်တဲ့ မိသားစုတွေရဲ့ပိုင်တဲ့ မြေတွေလည်း ရှိနေပါတယ်။

နောက်တစ်ခုကလည်းပဲ တစ်ဘက်နိုင်ငံက ဒုက္ခသည်စခန်းမှာ သွားရောက်ပြီးတော့မှ နေနေတဲ့ ရွာသူရွာသားတွေပိုင်တဲ့ မြေလည်းရှိနေပါတယ်။ ဒီ မြေတွေနဲ့ပတ်သက်လို့က တချို့ကလည်း ရွာသားအချင်းချင်း ပြန်ရောင်းစားတာတွေရှိသလို တချို့ကလည်းပဲ တစ်ဘက်နိုင်ငံက ပြန်လာတဲ့အခါ မှာ သူတို့နေဖို့အတွက် ဒီမြေတွေထားထားတာရှိပါတယ်။ ဒါပေမဲ့ မြေတွေက မရှိတော့ပါဘူး။ ခုန ကျွန်တော် တင်ပြခဲ့သလို ဌာနဆိုင်ရာအဖွဲ့အစည်းတွေလာတဲ့အခါမှာ ဒီနေရာတွေမှာ ရုံးအဖွဲ့တွေ၊ ရုံး အဆောက်အဦ တွေ ဆောက်ကြပါတယ်။

ဒီမြေတွေ သိမ်းပါတယ်။ ယနေ့အချိန်ထိ ဌာနဆိုင်ရာက လျော်ကြေးတွေမပေးတာ တိတိ ကျကျရှိပါတယ်။ ကျွန်တော်လည်း ဂဃဏန သိလို့မေးမြန်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ ဒါ လျော်ပေး နိုင်တဲ့ အနေအထားရှိ/မရှိ ဌာနဆိုင်ရာတွေနဲ့ ရွာသားတွေနဲ့ ရှင်းပြီးပါပြီ။ ရှင်းတဲ့အခါမှာ ဌာနဆိုင်ရာက ဖြေတာကတော့ လျော်ကြေးပေးဖို့ အစီအစဥ်မရှိဘူးဆိုတဲ့ အနေအထားကိုဖြေတယ်ဆို တာသိရပါတယ်။ ဒါနဲ့ပတ်သက်လို့တော့ အထိုက်အလျောက်ပေးမယ်ဆိုရင် ရွာသူရွာသားတွေက လက်ခံမယ့်သဘောရှိ ပါတယ်။ ဒါလေးကိုတော့ နည်းနည်းလေးပြန် စဥ်းစားပေးစေချင်ပါတယ်။ နောက်တစ်ခုက ဝန်ထမ်းနဲ့ ပတ်သက်လို့ ကျွန်တော် မေးတာက ဒီဒေသဟာ တင်ပြခဲ့သလိုပဲ တကယ့်ငြိမ်းချမ်းရေး အဖွဲ့အစည်းတွေနဲ့ ဆက်စပ်နေတဲ့ ဒေသလည်း ဖြစ်တယ်။ တစ်ချိန်တုန်းကလည်းပဲ တကယ့် Insurgent Area ပါ။ ရွာလယ်ခေါင်မှာကို တိုက်ပွဲတွေဖြစ်ခဲ့တဲ့ နေရာဖြစ်ပါတယ်။

ဒီနေရာမှာ စည်းရုံးရေးကောင်းတဲ့ ဝန်ထမ်းတွေ၊ တကယ့်ကို အုပ်ချုပ်ရေး အတွေ့အကြုံရှိ တဲ့ ဝန်ထမ်းတွေလာမှ ကျွန်တော်တို့က ဒီရွာသားတွေနဲ့ သဟဇာတလည်းဖြစ်မယ်၊ ဒီရွာကိုလည်း စည်းရုံး နိုင်မှာဖြစ်ပါတယ်။ လာသမျှ အုပ်ချုပ်ရေးပိုင်းအဖွဲ့က ကျွန်တော် ခုနက တင်ပြခဲ့တဲ့အတိုင်းပါပဲ။ သူတို့ အကျိုးအမြတ်အတွက်ပဲ ဆောင်ရွက်သွားကြတာရှိတယ်။ ရွာဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့ဆိုတာ တော်တော်နည်းပါတယ်။ လာခဲ့တဲ့ ဝန်ထမ်းကလည်း၊ တာဝန်ပေးတဲ့ဝန်ထမ်းကလည်း များသောအား ဖြင့် အတွေ့အကြုံမရှိတဲ့ ဝန်ထမ်းတွေဖြစ်တဲ့အတွက် ဒီလိုနေရာဒေသကို အုပ်ချုပ်ဖို့ဆိုတာ တော်တော် လေးခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီမှာ တပ်လည်းရှိပါတယ်။ အရပ်ဘက်လည်းရှိပါတယ်။ ခုန ကျွန်တော် ပြောခဲ့တဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေလည်း ရှိပါတယ်။ တစ်ဘက်နိုင်ငံ Refugee Camp မှာရှိတဲ့ ရွာသားတွေ ဘက်ကလည်း အဝင်အထွက်တွေရှိပါတယ်။

နောက်ပြီးဒီရွာဟာ စုစည်းရွာကြီး ဖြစ်ပါတယ်။ တစ်ချိန်တုန်းက Insurgent Area ဖြစ်ခဲ့တဲ့ အတွက် ဘေးပတ်ဝန်းကျင်က ရွာ(၃)ရွာလောက်ကို စုစည်းပြီးတော့မှ ရွာကြီးအဖြစ် တည်ထားခဲ့တာပါ။ ၁၉၉၆-၁၉၉၇ မှာ မှ တည်ငြိမ်တဲ့အနေအထားကို ရောက်ပြီးတော့ ၂၀၀၄-၂၀၀၅ မှာမှ မြို့နယ်ခွဲအဖြစ်ကို တိုးချဲ့ပေးခဲ့တဲ့ရွာ ဖြစ်ပါတယ်။ အခုဆို ရပ်ကွက်ကြီး(၃)ကွက်နဲ့ အိမ်ခြေပေါင်း(၂၈၀) (၃၀၀)လောက်ရှိ ပါတယ်။ လူဦးရေပေါင်း(၁၈၀၀)နီးပါးရှိပါတယ်။ ဒါလေးကိုတော့ ဖြစ်နိုင်ရင် အလေးထားပြီး တော့ အဲဒီ ဝန်ထမ်းတွေ လာရောက်အုပ်ချုပ်တဲ့အခါမှာ ရွာနဲ့ တကယ့်ကို စည်းစည်းလုံးလုံးနဲ့ ဖြစ်ဖို့ရယ်၊ ခုန အထိုက်အလျောက်လျော်ကြေးလေး ပေးနိုင်မယ်ဆိုလို့ရှိရင် ပေးဖို့အတွက်တော့ ကျွန်တော့်အနေနဲ့ ထပ်မံတင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၁)။** ။ ပထမပိုင်းအနေနဲ့ ဦးဖုန်းမြင့်အောင် ရဲ့ ထပ်မံမေးမြန်းတဲ့ မေးခွန်းပေါ့နော်။ ဒီဟာနဲ့ ပတ်သက်ပြီး ကျွန်တော်ဖြေရမယ်ဆိုရင် ကျွန်တော်ကလည်း ဒီရန်ကုန်တိုင်းအစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော် လာရောက်ဖြေကြားခြင်း ဖြစ်ပါတယ်။ ကျွန်တော် ဖြေကြားတဲ့အထဲမှာ အပိုဒ်(၄)မှာ ပါသွားတာ တစ်ခုရှိပါတယ်။ ဒါဘာလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်များ ကနေပြီးတော့ လွှတ်တော်အစည်းအဝေးမှာ တင်ပြတဲ့အတွက်ကြောင့် ရန်ကုန်တိုင်း ကနေပြီးတော့ သင့်တင့်လျောက်ပတ်တဲ့ အားလုံးနဲ့အဆင်ပြေတဲ့နေရာကိုရွေးချယ်ပြီးတော့ ဆောင်ရွက်ခြင်း ဖြစ်တယ်ဆိုတာ ကျွန်တော့်ရဲ့ အဖြေထဲမှာလည်း ပါရှိပြီးဖြစ်ပါတယ်။ သို့အတွက်ကြောင့် ပန်းခြံကလည်း တခြားပန်းခြံလည်း ရှိတယ်ဆိုတာ ဖြေကြားပြီးသား ဖြစ်ပါတယ်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ထပ်မံပြီးတော့ မကျေလည်လို့ပေါ့လေ၊ ဒါမှမဟုတ်လို့ရှိရင်လည်း ထပ်မံမေးမြန်းချင်တဲ့ အချက်အလက်ရှိလို့ရှိရင် ဒီရန်ကုန်တိုင်းအစိုးရကို ထပ်ပြီးတော့ မေးလိုက်ပါ။ ကျွန်တော်တို့လည်း ဒီအစည်းအဝေးပြီးလို့ရှိရင် ထပ်ပြီးတော့ ပြောလိုက်ပါမယ်။ ဒါလေး ကျွန်တော်ပြန်ပြီးဖြေကြားပါရစေ။

ဒုတိယပိုင်းဖြစ်တဲ့ ဦးစိုးသက် မေးတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ မြေကွက်များကို သင့်တင့်လျောက်ပတ်တဲ့ လျော်ကြေးတွေပေးဖို့လည်း ဆောင်ရွက်ပေးပါဆိုတာ အများပြည်သူအကျိုးငှာ တင်ပြ ထပ်မံမေးမြန်းတဲ့မေးခွန်း ဖြစ်ပါတယ်။ သို့အတွက်ကြောင့် ၎င်းမေးခွန်းကိုလည်း သက်ဆိုင်ရာ ပြည်နယ်အစိုးရကို ထပ်မံပြီးတော့ အကြောင်းကြားပေးပါတယ် ခင်ဗျား။ နောက်တစ်ခုကတော့ ဝန်ထမ်းများပေါ့နော်၊ ဝန်ထမ်းများက ဒေသရောက်တဲ့အချိန်မှာ ၎င်းဒေသနဲ့သင့်တင့်လျောက်ပတ်စွာ ကောင်းကောင်းမွန်မွန် စေတနာထားပြီးတော့ ဆောင်ရွက်ဖို့၊ နောက်တစ်ခုက ဒေသအကျိုးကိုလိုလားဆောင်ရွက်ပေးဖို့၊ ဘာညာ တင်ပြသွားတာတွေက အထူးကောင်းမွန်ပါတယ်။

သို့ရာတွင် ကျွန်တော် တစ်ဖက် တင်ပြချင်တာကတော့ ကျွန်တော်တို့ရဲ့နိုင်ငံမှာ၊ နယ်စပ်ဒေသတွေမှာ ရှိတဲ့ မြို့တွေပေါ့လေ၊ ဝေးလံခေါင်ပါးတဲ့မြို့တွေပေါ့လေ။ ဝေးလံတဲ့ဒေသမှာရှိတဲ့ မြို့တွေမှာ နေထိုင်မယ့်၊ တာဝန်ချထားမယ့် ဝန်ထမ်းများအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနကနေပြီး သင့်တင့်လျောက်ပတ်တဲ့ ပုဂ္ဂိုလ်များကို ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ အစီအစဥ်အရ စီမံခန့်ခွဲပြီးတော့၊ ပေးပို့ပြီးတော့ နေရာချထားခြင်းဖြစ်ပြီး သင့်တင့်လျောက်ပတ်တဲ့အချိန်မှာ သင့်တင့်လျောက်ပတ်သလို လဲလှယ်ပေးတာ လည်း ရှိပါတယ်။ ကျွန်တော် ဖြေသွားတဲ့ ဖြေကြားချက်ထဲမှာ ပါရှိပြီးဖြစ်ပါတယ်။ စနစ်တကျစေတနာထား ဆောင်ရွက်ပြီးတော့ နိုင်ငံ့ဝန်ထမ်း ပီပီသသဆောင်ရွက်ဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကလည်း ညွှန်ကြားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ လူ့သဘောသဘာဝအရ ဝေးလံတဲ့ဒေသမှာ ရောက်ရှိနေတဲ့ ဝန်ထမ်း များအနေနဲ့ အနည်းငယ်စိတ်ခံစားမှုကြောင့် ဆက်ဆံရေး မပြေလည်တာမျိုးလေး ရှိကောင်းရှိပါလိမ့်မယ်။ သို့ရာတွင် အခုကျွန်တော် သက်ဆိုင်ရာ ဝန်ကြီးဌာန တွေကလည်း ပိုပြီးတော့ ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့၊ ကောင်းကောင်းမွန်မွန် ဆောင်ရွက်ဖို့ ဆိုတာကိုလည်း ထပ်မံပြီးတော့ အကြောင်းကြား ညွှန်ကြားမှာ ဖြစ်ပါတယ်။ အဲဒါ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ နယ်စပ်ဒေသလည်း ဖြစ်တယ်။ နယ်စပ်ကုန်သွယ်ရေးလည်း ရှိတယ်။ ကျန်တဲ့အဖွဲ့အစည်းတွေလည်းရှိတယ်။ အဲဒီအတွက် လက်ရွေးစင်၊ ဥပမာ Promotion ပေးခါနီးလူကို စမ်းသပ်တာ မျိုးပေါ့နော်။ ဒါမျိုးကို လွှတ်ဖို့ပြောတဲ့ သဘောပါပဲ။ ဒါလုပ်လည်း လုပ်သင့်တဲ့ကိစ္စပါ။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရာဇဂြိုလ်ဆည်အား ပြီးစီးအောင် တည်ဆောက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်က ရာဇဂြိုလ်ဆည်အား ပြီးစီးအောင် တည်ဆောက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ဒီနေ့မေးမယ့်မေးခွန်းကတော့ ရာဇဂြိုလ်ဆည်ကိစ္စနဲ့ ပတ်သက်လို့မေးမြန်းမှာ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းစဉ်က ရာဇဂြိုလ်ဆည်နဲ့ မဏိပူရ်ဆည်၊ ဆည်(၂)ဆည်ကို မေးမြန်းသော်လည်းပဲ ကျွန်တော်သိတဲ့၊ ကျွန်တော့်အနေနဲ့ ဆည်ဆိုရင် အတူတူပဲလို့ ထင်ပြီးမေးခဲ့ပေမယ့် ရာဇဂြိုလ်ဆည်က ကျွန်တော်တို့ လယ်/ဆည်ဝန်ကြီးအောက် မှာ ဖြစ်ပြီးတော့ မဏိပူရ်ဆည်က လျှပ်စစ်စွမ်းအားဝန်ကြီးအောက်မှာဖြစ်တဲ့ အတွက် သီးခြားစီ ဖြေဆိုမယ်လို့ ပြောကြားတဲ့အတွက် ဒီနေ့ ကျွန်တော် ရာဇဂြိုလ်ဆည်နဲ့ပတ်သက်ပြီး ဒီတစ်ခုတည်းကိုပဲ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရာဇဂြိုလ်ဆည်နဲ့ပတ်သက်ပြီးကျွန်တော် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာလည်း ကျွန်တော် မေးခဲ့ဖူးပါတယ်။ အဲဒီမေးမြန်းစဉ်က ရာဇဂြိုလ်ဆည်ကို ၂၀၁၄ မှာ ပြီးစီးအောင် ဆောင်ရွက်မှာဖြစ်ပြီးတော့ ကျွန်တော်တို့ မဏိပူရ်ဆည်ကိုတော့ ၂၀၁၇ မှာ ပြီးစီးအောင်ဆောင်ရွက်မယ် ဆိုပြီးဖြေကြားခဲ့ပါတယ်။ ကျွန်တော်တို့၂၀၁၄ မှာ ဒါ ရာဇဂြိုလ်ဆည်က ကျွန်တော်တို့ ပြီးစီးလုနီးပါးအချိန် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဆည်အနေနဲ့ကတော့ ဆည်ရေပိတ်ဖို့ဟာ ကျွန်တော်တို့ လွန်ခဲ့တဲ့(၁)နှစ်၊ (၂)နှစ်ကစပြီး အဆင်သင့်ဖြစ်တာကို တွေ့ရပါတယ်။ ကျွန်တော် အမြဲတမ်း ဒီနေရာကို ရောက်ပါတယ်။ ရောက်တဲ့အခါမှာ ဆည်ကတော့ပိတ်ဖို့အဆင်သင့်ဖြစ်တယ်။ သို့သော်လည်းပဲ ပိတ်တဲ့အခါမှာ Power House က မပြီးတဲ့အတွက်ဆည်ကိုမပိတ်နိုင်တာဆိုတာလည်း သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခုလာမယ့် ဘတ်ဂျက်မှာတော့ ကျွန်တော် ရောက်ရှိခဲ့တဲ့အချိန်မှာ Power House ကိုလည်း စတင်တည်ဆောက်နေပြီး ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်မှာလည်း လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းမှု ဘတ်ဂျက်လည်း ပါရှိလာတာ တွေ့ရတဲ့အတွက်၂၀၁၅ အတွင်းမှာပြီးစီးမယ့် အခြေအနေကိုတော့ သိရှိရပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ဒေသခံပြည်သူလူထုသိရှိလိုတဲ့ ဒီနှစ်ပေါင်းလည်း

များစွာ ကြာနေပြီဖြစ်တဲ့ ရာဇဂြိုလ်ဆည်ဟာ မည်သည့်ကာလမှာပြီးစီးအောင် ဆောင်ရွက်မယ်ဆိုတာကို သိရှိလိုပါသဖြင့် ကျွန်တော်တို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရပါတယ်။

**ပခုက္ကူမြို့နယ်ရှိ နုံးပို့လျှပ်စစ်မြစ်ရေတင် စီမံကိန်းအား ပြီးစီးအောင်ဆောင်ရွက်ပြီး လျာထားသတ်မှတ်ထားသော လယ်မြေများသို့ စိုက်ပျိုးရေ ပေးဝေနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ပခုက္ကူမြို့နယ်ရှိ နုံးပို့လျှပ်စစ်မြစ်ရေတင် စီမံကိန်းအား ပြီးစီးအောင်ဆောင်ရွက်ပြီး လျာထားသတ်မှတ်ထားသော လယ်မြေများသို့ စိုက်ပျိုးရေပေးဝေနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းမှာရှိတဲ့ နုံးပို့မြစ်ရေတင်စီမံကိန်းအား ပြီးစီးအောင်ဆောင်ရွက်ပြီး လျာထားသတ်မှတ်ထားတဲ့ လယ်မြေများကို စိုက်ပျိုးရေပေးဝေနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းမှာရှိတဲ့ နုံးပို့လျှပ်စစ်မြစ်ရေတင်ဟာ ဧရာဝတီမြစ်ရဲ့ အနောက်ဘက် ညောင်ဦးမြို့ရဲ့တစ်ဘက်ကမ်းရှိ နုံးပို့ကျေးရွာအနီးမှာ တည်ရှိပါတယ်။ ၎င်းမြစ်ရေတင်စီမံကိန်းကို တပ်မတော်အစိုးရလက်ထက် ၂၅-၅-၂၀၀၄ ခုနှစ်မှာ ပခုက္ကူမြို့နယ် ဒေသဝမ်းစာဖူလုံရေး၊ စိုက်ပျိုးရေပေးဝေနိုင်ရန်နဲ့ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်ပြီးတော့ ဆောင်ရွက်ပေးခဲ့တဲ့ မြစ်ရေတင်လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ၎င်းနုံးပို့ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသခံတောင်သူများရဲ့ မြေယာများကို သိမ်းဆည်းပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ထားတဲ့ စီမံကိန်းလုပ်ငန်းကြီးလည်း ဖြစ်ပါတယ်။ ၎င်းစီမံကိန်းလုပ်ငန်းကြီး ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဆိုပါက ပခုက္ကူမြို့နယ်အတွင်းမှာရှိတဲ့ ညောင်ပင်ကျေးရွာအုပ်စု၊ သရက်တောကျေးရွာအုပ်စု၊ ဘဲကြီးကျေးရွာအုပ်စု၊ မန်ကျီးကန်ကျေးရွာ အုပ်စု၊ ရှင်မကန်ကျေးရွာအုပ်စု စတဲ့ ကျေးရွာများမှ တောင်သူများ စိုက်ပျိုး လုပ်ကိုင်နေတဲ့ စိုက်ပျိုးမြေဧက (၈၀၀၀) ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး စပါး၊ နှမ်း၊ ပြောင်း၊ ဝါ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများကို တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်မည့်အပြင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်လည်း အထောက်အကူပြု အကျိုးဖြစ်ထွန်းစေပြီး ရာသီဥတုပြောင်းလဲမှုအားလည်း အထောက်အကူ ပြုနိုင်မည် ဖြစ်ပါတယ်။ ၎င်းအပြင် ဒေသမှာရှိတဲ့ တောင်သူများအနေနဲ့လည်း လယ်ယာမြေများ ရေသွင်း စိုက်ပျိုးခြင်းဖြင့် တစ်နှစ်လျှင် နှစ်သီးသုံးသီး စိုက်ပျိုးနိုင်ပြီး လူနေဘဝ အဆင့်အတန်းများလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။

သို့ရာတွင် ၎င်းစီမံကိန်းကြီးကို ၂၀၀၄ ခုနှစ်မှစတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်မှ ဘဏ္ဍာငွေ ကျပ်သန်းပေါင်း(၆၂၄၀) ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ထားတယ်လို့လည်း သိရှိရပါတယ်။ ယခုအချိန်အထိ (၁၀)နှစ် အချိန်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေပေးဝေနိုင်ခြင်း မရှိသေးပါဘူး။ ၎င်းဆောင်ရွက်ထားတဲ့ ရေပေးမြောင်းများ၊ မြောင်းလက်တံများမှာလည်း နှစ်ကာလကြာရှည်ပြီး အသုံးပြုမှုမရှိတဲ့အတွက် ချုံနွယ်ပိတ်ပေါင်းများပေါက်ရောက်ပြီးတော့ ပျက်စီးမှုများရှိလာတာကို တွေ့မြင်ခဲ့ရပါတယ်။ ၎င်း မြစ်ရေတင် စီမံကိန်းကြီးအား အမြန်ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက ပခုက္ကူဒေသနှင့် ဒေသခံတောင်သူ များအကျိုးစီးပွား များစွာအကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ ဒေသခံတောင်သူများကလည်း စီမံကိန်းပြီးစီးအောင် ဆောင်ရွက်ပေးနိုင်မယ့်အချိန်ကို မျှော်လင့်လျက်ရှိကြပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်မှာရှိတဲ့ နုံးပို့လျှပ်စစ်မြစ်ရေတင်အား အမြန်ပြီးစီးအောင် ဆောင်ရွက်ပြီးသတ်မှတ်ထားတဲ့ လယ်မြေများကို စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ နဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဝဲကြီးနှင့်တောင်ညို ရေလှောင်တမံများမှ ဆည်ရေလုံလောက်စွာ ထုတ်လွှတ်ပေးဝေနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး က ဝဲကြီးနှင့်တောင်ညိုရေလှောင်တမံများမှ ဆည်ရေလုံလောက်စွာ ထုတ်လွှတ်ပေးဝေနိုင်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဥပဒေကော်မရှင် အဖွဲ့ဝင်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းဒေသမှာရှိတဲ့လယ်ယာမြေကိစ္စ၊ တောင်သူများနှင့်ပတ်သက်သည့်ကိစ္စများကို အစဉ်တစိုက်မေးမြန်းလေ့လာခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါမှာတော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအနောက်ဘက်ခြမ်းဒေသအတွင်းရှိတဲ့ ကျွန်တော်တို့ အဓိကကျတဲ့ ဆည်ကြီး (၂)ဆည်နဲ့ပတ်သက်ပြီးတော့မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါင်းတည်မြို့နယ်အတွင်းရှိ ဝဲကြီးရေလှောင်တမံနဲ့ နတ္တလင်းမြို့နယ်အတွင်းရှိ တောင်ညိုရေလှောင်တမံများရဲ့ ဆည်ရေသောက် ဧရိယာများကို ဆည်ရေ လုံလောက်စွာထုတ်ဝေနိုင်ရေးနှင့် ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းဖြစ်ပေါ်ဖို့အတွက် ဟာလည်းပဲ သက်ဆိုင်ရာ ပညာရှင်ကြီးရဲ့လေ့လာမှု၊ ကျွန်တော့်ရဲ့ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု အလားတူ ကျွန်တော်၏ မဲဆန္ဒနယ်မြေအတွင်းမှာ ထပ်မံရရှိလာမယ့် ဆည်ရေသောက် ဧရိယာများ ရရှိစေရန် ရည်ရွယ်ပြီးတော့ ဤမေးခွန်းမေးခဲ့ရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်လိုအသုံးအနှုန်းပြုခွင့်ပြုပါရန်ပန်ကြားအပ်ပါတယ်။ စီမံကိန်း(၂)ခု ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အပိုင်း(၂)ပိုင်း ခွဲခြားတင်ပြသွားမှာဖြစ်ပါတယ်။ ပထမပိုင်းဖြစ်တဲ့ ဝဲကြီးရေလှောင်တမံစီမံကိန်းနဲ့ဆက်စပ်တင်ပြလိုပါတယ်။ ဝဲကြီးစီမံကိန်းဟာ ၂၀၀၀-၂၀၀၁ ခုနှစ်က ပြီးစီးခဲ့လို့ ရေလှောင်တမံနဲ့ ရေလှောင်ကန်သက်တမ်းဟာ (၁၃)နှစ်ခန့်ရှိပြီဖြစ်ပါတယ်။ ကန်ရေပြည့်ပမာဏဟာ (၂၅၂၀၀၀)ဧကပေနှင့် နှစ်စဉ် ပျမ်းမျှစီးဝင်ရေဧကဟာ (၂၉၈၃၁၁) ဧကပေ ဖြစ်လို့ ၁၉၉၉ ကနေပြီးတော့ ၂၀၁၂ ခုနှစ်အထိ လွန်ခဲ့တဲ့(၁၄)နှစ်အတွင်းမှာ (၇)နှစ်ရေပိုလွှဲမှ လျှံကျစီးဆင်းတဲ့ ရေလှောင်တမံဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။ မူလဆည်ရေသောက်ဧရိယာမှာ (၄၅၀၀၀) ဧကသတ်မှတ်ထားပြီးတော့ ယခုစိစစ်လိုက်တဲ့အခါမှာတော့ (၄၁၀၆၉) ဧကလို့ သိရှိရပါတယ်။ ၂၀၀၀-၂၀၀၁ ကနေပြီးတော့ ၂၀၁၁-၂၀၁၂ အထိ (၁၀)နှစ်အတွင်းမှာ မိုးစပါး (၄၁၅၃၆) ဧက၊ နွေစပါး (၂၁၃၁၀) ဧကကို ဆည်ရေသောက်စနစ်အထက်ပိုင်း(Up-Stream) တူးမြောင်းတွေကနေပြီးတော့ ဆည်ရေ ပေးဝေနိုင်ခဲ့ပြီးတော့ အောက်ပိုင်း၊ အဖျားပိုင်း ရေသောက်ဧရိယာအပေါ်မှာရှိတဲ့ စိုက်ပျိုးသီးနှံများ ရေမရရှိကြောင်းလည်း လေ့လာသိရှိရပါတယ်။

ဝဲကြီးရေလှောင်တမံဟာ ၂၀၀၁ နှင့် ၂၀၀၆ မှ ၂၀၁၁ ခုနှစ်အထိ ဆက်တိုက်ကန်ရေပြည့်ကျော်လွန်ခဲ့သော်လည်းပဲ ဆည်ရေအပြည့်အဝမပေးဝေနိုင်ခြင်းကတော့ ရေလှောင်ကန် ရေထုတ်ပြွန်မကြီးကတစ်ဆင့် တူးမြောင်းမကြီးအတွင်းသို့ မူလဒီဇိုင်းရေထုစီးနှုန်း (၁၀၀၀)ကုဗပေ/ စက္ကန့် တစ်နည်းအားဖြင့် တစ်ရက်လျှင် (၂၀၀၀) ဧကပေခန့်ရရှိမည်ဖြစ်သော်လည်းပဲ လက်တွေ့မှာ (၄၅၀ ဧကပေ/ စက္ကန့်) သို့မဟုတ် တစ်ရက်လျှင် (၉၀၀)ဧကပေခန့်ထက် ပိုပြီးတော့ ထုတ်လွှတ် ပေးနိုင်ခြင်း မရှိသည်ကို လေ့လာသိရှိခဲ့ရပါတယ်။ မူလ တူးမြောင်းမကြီးရဲ့ အကျယ်ဟာ (၃၀)ပေ သတ်မှတ်ထားသော်လည်း လက်ရှိမှာ အများဆုံး(၁၈)ပေသာရှိတဲ့ တူးမြောင်းမကြီး ဖြစ်ပါတယ်။ လေ့လာတွေ့ရှိမှုအရ ပေတိုင်(RD)၊ (၄၀၀၀)ပေမှ (၈၀၀၀) အတွင်းမှာ မတ်စောက်တဲ့ ကျောက်တောင်များနှင့် ပေတိုင် (RD)(၁၄၀၀၀)ပေ မှ (၁၈၀၀၀)ပေအတွင်းမှာ သဲတောင်ကုန်းကြောကို ဖြတ်သန်းဖောက်လုပ် ခဲ့ရတဲ့၊ စံမမီ၊ ပေမမီဖြစ်ခဲ့ရတဲ့ အခြေအနေလေးတွေ ရှိပါတယ်။ ဒါအဓိကအချက်ပါခင်ဗျ။ တူးမြောင်းမကြီးနဲ့ ပတ်သက်ပြီးတော့ သတ်မှတ်ရေထု စီးနှုန်း အပြည့်အဝ ထုတ်လွှတ်နိုင်ခြင်း မရှိတဲ့အတွက် တူးမြောင်း ရေသောက်စနစ် အောက်ပိုင်း ဒါမှမဟုတ် အဖျားပိုင်းကို ဆည်ရေ မရောက်ရှိခဲ့ခြင်း ဖြစ်ပါတယ်။

ယင်းအပိုင်းများတွင်လည်း တည်ဆောက်ရေးအချိန်ကာလက ဖောက်လုပ်ခဲ့တဲ့ ရေပေးတူးမြောင်းအချို့နှင့် တူးမြောင်းအဆောက်အဦအချို့ဟာ ယိုယွင်းပျက်စီးလျက်ရှိပါတယ်။ ပေတိုင်(RD) (၄၀၀၀)ပေမှ (၈၀၀၀)ပေအကြား၊ ကျောက်တောင် ဖြတ်သန်းတူးမြောင်းမကြီးပုံတွေကိုတော့ ကျွန်တော် slide များဖြင့် တင်ပြလိုပါတယ်။ ဒါကတော့ ကျွန်တော် (၄၀၀၀) ကနေ (၈၀၀၀)ကြားမှာရှိတဲ့ ကျောက်တောင်ကြောကို ဖြတ်ပြီးတော့ သွားခဲ့ရတဲ့အခြေအနေ ဖြစ်ပါတယ်။ ကျွန်တော်ရောက်ရှိခဲ့တဲ့ အချိန်တုန်းကလည်း ဒီအခြေအနေအထိ ရှိပါတယ်။ ဒါ (၄၀၀၀)နဲ့ (၈၀၀၀)အကြား၊ ဒီလိုမျိုး(၃၀)အစား ကျွန်တော်တို့ (၁၈)ပေခန့် အနေအထားလေးရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ သဲကျောက်ကုန်းကြော ပေတိုင် (RD) (၁၄၀၀၀) ကနေပြီးတော့ (၁၈၀၀၀) ကြားကာလ ဖြစ်ပါတယ်။ ဒါ ကျွန်တော် ရောက်ရှိခဲ့တဲ့ အချိန်မှာ ဒီအခြေအနေလေးတွေ ကျွန်တော်တို့တွေ့ရပါတယ်။ တူးမြောင်းမကြီးရဲ့ အခြေအနေဟာ ဒီတူးမြောင်းမကြီးဖြစ်နေတဲ့ ကြားထဲမှာကိုပဲ ကျောက်တောင် တူးမြောင်းနဲ့ သဲကြော နှစ်နေရာရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝဲကြီးရေလှောင်တမံတူးမြောင်းမကြီးပေတိုင်(၈၀၀၀)မရောက်မီ ရှေ့ပိုင်း (Up-Stream)မှာ ရေပေးတူးမြောင်းများ မပျက်စီးစေရေးအတွက် လိုအပ်လာလျှင် ဆည်မှ ထုတ်လွှတ်ရေလျှော့ချနိုင်တဲ့တူးမြောင်းမကြီးဘေး ထုတ်လွှတ်ရေပိုလွှဲ (Side Channel) Spillway လည်း ထည့်သွင်းပါရှိထားတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တင်ပြလိုသည်ကတော့ တူးမြောင်းမကြီးရဲ့ မူလဒီဇိုင်း ပုံစံတကျ မရှိမှုကြောင့် ဆည်ရေ အပြည့်အဝ ထုတ်လွှတ်နိုင်ခြင်း မရှိတဲ့အတွက် ၁၉၉၉ ကနေပြီးတော့ ၂၀၁၂ ခုနှစ်အထိ နှစ်စဉ် ရေလှောင်ကန်အတွင်း သိုလှောင်ရေလက်ကျန်မှာ ပျမ်းမျှ (၂၂၇၆၇၀) ဧကပေခန့် ရှိနေတယ်။ တမံနှင့် ဆက်နွယ်ရေအား အဆောက်အအုံများရဲ့လုံခြုံစိတ်ချရမှုအတွက် ရေလှောင်ကန်ကို အဆိုပါတူးမြောင်းမကြီးဘေး ထုတ်လွှတ်ရေပိုလွှဲနှင့် တူးမြောင်းမကြီးတို့မှ ရေခါခြင်း သို့မဟုတ် ရေလျှော့ ချခြင်း နှစ်စဉ်လုပ်ကိုင်နေရကြောင်းလည်း သိရှိရပါတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ဆည်ကန်များ မိုးခေါင်ပြီးတော့ ရေဝင်ရောက်မှု နည်းပါးပါသဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးရေမှာ အတိဒုက္ခ ရောက်နေကြရာမှာ ဝဲကြီး ရေလှောင်တမံဟာ ထုတ်လွှတ်ရေ အပြည့်အဝ ပေးဝေနိုင်ခြင်းမရှိမှုကြောင့် အဖျားပိုင်းရေသောက်စနစ်များဟာ ဆည်ရေခံစားခွင့် အခွင့်အရေးများ ဆုံးရှုံးနေရခြင်း ဖြစ်ပေါ်နေခဲ့သည်မှာ ဒါ (၁၀)စုနှစ်ကျော်ရှိနေပြီ ဖြစ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ ဒုတိယအခြေအနေဖြစ်တဲ့ နတ္တလင်းမြို့နယ်အတွင်း ၁၉၉၅-၁၉၉၆ ခုနှစ်လောက်ကတည်းက တည်ဆောက်ပြီးစီးခဲ့တဲ့ တောင်ညိုရေလှောင်တမံစီမံကိန်းကို ဆက်လက် ဆွေးနွေးတင်ပြလိုပါတယ်။ ၎င်းစီမံကိန်းဟာ နှစ်စဉ်ပျမ်းမျှမိုးရေချိန်(၆၃)လက်မရှိပြီးတော့ ၂၀၀၃-၂၀၀၄ ကနေပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ(၁၂)နှစ်ရဲ့ နှစ်စဉ်ပျမ်းမျှစီးဝင်ရေဟာ (၂၉၃၄၁၀) ဧကပေရှိပြီး ကန်ရေပြည့်သိုလှောင်ပမာဏဟာ (၂၁၀၀၀၀)ဧကပေသော ဖြစ်ပါတယ်။ မူလဆည်ရေသောက်ဧရိယာ ဟာ နတ္တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်များအတွင်း ဧက(၅)သောင်း သတ်မှတ်ခဲ့ပါတယ်။ ယခု စိစစ်ထားချက်အရ (၃၂၃၀၈) ဧကဖြစ်လို့ (၁၇၇၀၀) ဧကခန့်လျော့နည်းကြောင်းလည်း သိရပါတယ်။ တောင်ညိုရေလှောင်တမံဟာ ဆည်ရေဝင် ရောက်မှုအလွန်ကောင်းတဲ့ တမံဖြစ်ပြီး ၁၉၉၆ မှ ၂၀၁၄ ခုနှစ်အထိ (၁၉)နှစ်မှတ်တမ်းများအရ ရေပိုလွှဲမှနေ(၁၆)နှစ် လျှံကျ စီးဆင်းခဲ့တဲ့ ရေလှောင်တမံ ဖြစ်ပါတယ်။ ကန်ရေပြည့်သိုလှောင်ပမာဏ (Full Storage) (၂၁၀၀၀၀)ဧကပေမှ ကန်ရေသေပမာဏ (Dead Storage)(၂၁၂၀၀)ဧကပေ ထုတ်နုတ်လျှင် အခြားရေဆုံးရှုံးမှုများ အပါအဝင် အသုံးချနိုင်မယ့် ရေပမာဏ (Active Storage)ဟာ (၁၈၈၈၀၀) ဧကပေရှိနေကြောင်းလည်း သိရှိရပါတယ်။ တင်ပြခဲ့သော (၁၉)နှစ်အတွင်း စိုက်ပျိုးရေပေးဝေပြီးနှင့် အခြားရေဆုံးရှုံးမှုများ အပါအဝင် နှစ်စဉ်ပျမ်းမျှ ကန်အတွင်း လက်ကျန်ရေ(၈၁၉၇၀) ဧကပေခန့် ဖြစ်နေကြောင်း သိရပါတယ်။

၂၀၀၃-၂၀၀၄ မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ (၁၂)နှစ်အတွင်း အဆိုပါမြို့နယ်(၂)ခုရဲ့ နွေစပါး စိုက်ပျိုးနိုင်မှု အခြေအနေကို ပျမ်းမျှ(၁၇၉၈၀) ဧကကိုသာ ဆည်ရေသွင်းစိုက်ပျိုးနိုင်ခဲ့တာ တွေ့ရပါတယ်။ နွေစပါးတစ်ဧက (၉.၅)ပေခန့် ရေသုံးစွဲတယ်လို့ယူဆပြီး ဆည်ရေကိုစနစ်တကျစီမံဖို့တော့ လိုလိမ့်မယ်လို့ ထင်ပါတယ်။ ဒါမှသာလျှင် အောက်ပိုင်း ဆည်ရေသောက်စနစ်များ ရေရရှိနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့ပိုင်းမှာတင်ပြခဲ့သလို တောင်ညိုဆည်ဟာ နှစ်စဉ် ရေဝင်ကောင်းတဲ့ မူလသတ်မှတ်ဆည်ရေသောက်ဧရိယာ ဧက(၅၀၀၀၀)ရဲ့ (၃၄)ရာခိုင်နှုန်း တစ်ဖန်စိစစ်ထားပြီး (၃၂၃၀၈)ဧကရဲ့ (၅၆)ရာခိုင်နှုန်းကိုသာ စိုက်ပျိုးရေပေးနိုင်ပြီးတော့ နွေစပါး ပြီးစီးတဲ့နောက်

နှစ်စဉ် ကန်အတွင်းလက်ကျန်ရေဟာ (၈၁၉၇၀)ဧကပေ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။ ခြုံငုံ၍တင်ပြရရင် ရေလှောင်ကန်အတွင်း ရေလက်ကျန်များဟာ နှစ်စဉ် ပေါ်ပေါက်လျှက် ရှိနေခဲ့လို့ ယင်းဖြစ်ရပ်ကိုလေ့လာတဲ့အခါမှာ ဝဲကြီးရေလှောင်တမံစီမံကိန်းကဲ့သို့ တောင်ညို တူးမြောင်းမကြီးရဲ့ ပေတိုင်ဟာ (RD)(၄၁၀၀)ပေမှ(၇၁၁၅)ပေအတွင်း မှာ ကျောက်တောင်ကုန်းကို ဖြတ်သန်းဖောက်လုပ်ခဲ့ရာ မူလသတ်မှတ် ဒီဇိုင်းရေထုစီးနှုန်း(၁၀၀၀) ကုဗပေ၊ စက္ကန့် ထုတ်လွှတ် နိုင်ခြင်းမရှိဘဲ (၄၀၀) ကုဗပေ၊ စက္ကန့်သာ ထုတ်လွှတ်နိုင်ခြင်းကြောင့် ဖြစ်တယ်လို့ သိရှိခဲ့ရပါတယ်။ မူလတူးမြောင်းမကြီး အောက်ခြေအကျယ်မှာ ဝဲကြီးဆည်လိုပါပဲ (၃၀)ပေဖြစ်ပြီး လက်ရှိမှာ (၁၈)ပေခန့် ရှိတယ်လို့ လေ့လာသိရှိခဲ့ရပါတယ်။ ဒါကြောင့်မို့ အောက်ဘက်မှာရေသောက် ဧရိယာအပိုင်းကို အပြည့်အဝ ဆည်ရေပေးဝေနိုင်ခြင်းမရှိခဲ့ဘူးလို့ လေ့လာတွေ့ရှိရပါတယ်။ ဒီအပိုင်းတွေကိုလည်း တင်ပြပါ Slide နဲ့တင်ပြလိုပါတယ်။ ဒီပေတိုင် ကျွန်တော်တို့ (၄၀၀၀)နဲ့ (၇၁၁၅)အခြေအနေလေးတွေဟာ မေးခွန်း မေးမြန်းခဲ့စဉ်က အခြေအနေ ဖြစ်ပါတယ်။ ဒီအခြေအနေဖြစ်ပါတယ်။ ဒါနောက်ဆုံးပိတ် ကျွန်တော် ကွင်းဆင်းလေ့လာတဲ့အခါမှာလည်း လက်ရှိအခြေအနေထိကို ကျွန်တော်တို့လေ့လာသိရှိရပါတယ်။

ဒါကြောင့်မို့လို့ တောင်ညိုရေလှောင်တမံဟာ နှစ်စဉ်စီးဝင်ရေအလွန်ကောင်းတဲ့အပြင် နတ္တလင်း၊ ဇီးကုန်းမြို့နယ်များအတွင်းမှာရှိတဲ့ဆည်ရေသောက်လယ်မြေများဟာလည်းပဲ သီးနှံအမျိုးမျိုးအတွက်လည်းကောင်း၊ လယ်ကောင်း၊ ယာကောင်းများ ဖြစ်နေကြပါတယ်။ ဒါအပြင် နှစ်စဉ်ရေဝင်ကောင်းပြီးတော့ ကန်အတွင်း လက်ကျန်ရေများပြားတဲ့ဆည်ဖြစ်လို့ တင်ပြပါ တူးမြောင်းမကြီးကို ပုံစံတကျမဖြစ်တဲ့ အပိုင်းကို ကျွန်တော်တို့က ချဲ့ထွင်ပြီးတော့ ပြုပြင်မယ်ဆိုရင် ကျွန်တော်ယူဆ လိုက်တာက သတ်မှတ်ဆည် ရေသောက်ဧရိယာ အပြင်ဘက် ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ မိုးညိုမြို့နယ် အတွင်းမှာရှိတဲ့ လယ်ဧက အတော်များများ ခန့်မှန်းဧက(၂၀၀၀) အတွက်ပါ ရေလုံလောက် မှုရှိနိုင်တယ်လို့ သိရှိရပါတယ်။

ဒါကြောင့်မို့လို့ လက်ရှိအခြေအနေမှာ ဆည်မြောင်းဦးစီးဌာနဟာလက်ရှိအချိန်မှာ ယခင်ကဲ့သို့ စီမံကိန်းများကိုသာ ဦးစားပေးခြင်းမပြုဘဲနဲ့ တည်ဆောက်ထားပြီးတဲ့ ဆည်တမံများရဲ့ ထိန်းသိမ်းရေး လုပ်ငန်းများမှာ ရန်ပုံငွေလေးတွေ သုံးစွဲမယ်ဆိုရင်တော့ ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်။ နှစ်စဉ်လျာထားသုံးစွဲလျက်ရှိနေပြီဖြစ်လို့ ကျွန်တော့်အနေနဲ့ မေးခွန်းမေးမြန်းလိုပါတယ်။ အောက်ဖော်ပြပါ မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။

(၁)ကတော့ ဝဲကြီးရေလှောင်တမံစီမံကိန်း ဆည်ရေသောက်ဧရိယာရဲ့ စိစစ်ပြီး(၄၁၀၆၉) ဧကကို နွေစပါးနှင့် အခြားသီးနှံများ အပြည့်အဝဆည်ရေပေးဝေနိုင်ရန် မူလသတ်မှတ်ရေထုစီးနှုန်း (၁၀၀၀)ဧက ပေ/စက္ကန့်ဖြင့် ထုတ်လွှတ်နိုင်မည့် တူးမြောင်းမကြီးရဲ့တင်ပြခဲ့တဲ့ ပေတိုင်(RD) (၄၀၀၀) ပေမှ (၈၀၀၀)ပေ ကြားရှိအပိုင်းနှင့် ပေတိုင် (RD)(၁၄၀၀၀)ပေမှ (၁၈၀၀၀)ပေအထိရှိ အပိုင်း(၂)ပိုင်းကို စနစ်တကျ ပြန်လည် တည်ဆောက်မည့် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးနိုင်မည်။ (၂) ကတော့ တောင်ညိုရေလှောင်တမံ ဆည်ရေသောက်ဧရိယာရဲ့ စိစစ်ထားပြီး (၃၂၃၀၈)ဧက အား နွေစပါးနှင့် အခြားသီးနှံများကို ဆည်ရေအပြည့်အဝပေးဝေနိုင်ရန် မူလသတ်မှတ်ရေထုစီးနှုန်း (၁၀၀၀)ကုဗပေ/ စက္ကန့် ဖြင့် ထုတ်လွှတ်နိုင်မည့် တင်ပြခဲ့တဲ့ တူးမြောင်းမကြီး ပေတိုင်(RD) (၄၁၀၀) ကနေပြီးတော့ (၇၁၁၅)ပေအထိ အပိုင်းများကို စနစ်တကျ ပြန်လည် တည်ဆောက်မည့်

အစီအစဉ် ရှိ/မရှိ နဲ့ အစီအစဉ်ရှိရင် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးမည်။ (၃)ကတော့ တောင်ညိုတူးမြောင်းမကြီးကို တင်ပြခဲ့တဲ့အတိုင်း ပုံစံတကျပြင်ဆင်ပြီးစီး၍ ရေထုစီးနှုန်း (၁၀၀၀) ကုဗပေ/စက္ကန့်ဖြင့် ဆည်ရေကို ပိုင်ပိုင်နိုင်နိုင် ထုတ်လွှတ်နိုင်မည်ဆိုလျှင် နတ္တလင်းနဲ့ ဇီးကုန်းမြို့နယ်များအပြင် ဆက်လက်၍ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ မိုးညိုမြို့နယ်ရဲ့ လယ်မြေများအတွက် တိုးချဲ့ရေသောက်စနစ် (Irrigation Tract Extension) ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက ရေသောက်ဧရိယာဧကေ မည်မျှခန့်မှန်း၍ မည်သည့်ဘဏ္ဍာနှစ်တွင် ဆည်ရေစတင်ပေးဝေနိုင်မည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဝဲကြီးစီမံကိန်း တူးမြောင်းမကြီး မြင်းကွင်းပုံ (ည)




ဝဲကြီးစီမံကိန်း သဲတောင်ကြော ဖြတ်သန်းတူးမြောင်းမကြီး မြင်းကွင်းပုံ (ည-၁)



တောင်ညိုစီမံကိန်း ကျောက်တောင်ကုန်း ဖြတ်သန်းတူးမြောင်းမကြီး မြင်းကွင်းပုံ (ည-၂)




**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၇။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးရဲ့ မေးမြန်းချက်အပေါ်မှာ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော် မှ တစ်ခုချင်း ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် ရဲ့ ရာဇဂြိုလ်ဆည်နဲ့ ပတ်သက်ပြီးတော့ မေးမြန်းချက်ကို ကျွန်တော်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရှိ ရာဇဂြိုလ်ရေလှောင်တမံဘက်စုံစီမံကိန်းကို ၂၀၀၃ ခုနှစ်၊ မေလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်တွင် တမံတည်ဆောက်ခြင်းလုပ်ငန်း (၉၆)ရာခိုင်နှုန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း(၁၀၀)ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း (၆၅)ရာခိုင်နှုန်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်း (၂၇)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမည် ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိသော လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောရန်ပုံငွေကို ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးကော်မရှင်မှ စိစစ်ခွင့်ပြုသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြထားပါတယ်။

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်း အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ရဲ့ မေးမြန်းချက်ကို ကွန်တော်ဆက်လက် ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ နှံပို့လျှပ်စစ်မြစ်ရေတင် စီမံကိန်းအကျိုးပြုဧက (၈၀၀၀)အား စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြေ ရေးအတွက် ရည်ရွယ်၍ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ စက်မှုလျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်း (၈၅)ရာခိုင်နှုန်း၊ မြို့ပြပိုင်း ဆိုင်ရာလုပ်ငန်း(၇၈)ရာခိုင်နှုန်းနှင့် စီမံကိန်းလုပ်ငန်းတစ်ခုလုံး အနေဖြင့် (၈၁.၅)ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာပါ ဆောင်ရွက်ဆဲ မြစ်ရေတင်စီမံကိန်းများအား စနစ်တကျ ဖြစ်စေရေးအတွက် အချိန်ယူဆောင်ရွက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းချက်အပေါ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အရ နှံပို့မြစ်ရေတင် စီမံကိန်း၏ မြို့ပြဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအား ခေတ္တရပ်နားထားခဲ့ပြီး ဒီဇိုင်းပုံစံပြန်လည်ဆန်းစစ်ခြင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများအား ထိန်းသိမ်းခြင်းနှင့် ပခုက္ကူဒေသအတွင်းရှိ နှံပို့မြစ်ရေတင် စီမံကိန်း အပါအဝင် မြစ်ရေတင်စီမံကိန်းများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပခုက္ကူမြို့တွင် (၁၃၂/၆၆/၁၁)KV ၊ ၆၀ MPA ဗုဒ္ဓကုန်း ဓာတ်အားခွဲရုံအား တည်ဆောက်ခြင်းလုပ်ငန်းများကိုသာ ဦးစားပေး ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမည် ဖြစ်ပါတယ်။ ဆောင်ရွက်ရန် ကျန်ရှိတဲ့ စက်မှု လျှပ်စစ် မြို့ပြပိုင်းဆိုင်ရာလုပ်ငန်းအားလုံးကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်စီမံထားပြီး ဖြစ်ပါတယ်။ သို့ အတွက်ကြောင့် ၂၀၁၅ ခုနှစ်၊ မိုးရာသီတွင် ရေစတင်ပေးဝေနိုင်ရန် စီမံထားရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

တတိယမေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ၏ မေးမြန်းချက်ကို ကွန်တော်ဆက်လက် ရှင်းလင်းတင်ပြပါမယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်တွင် ဝဲကြီးရေလှောင်တမံကို ၂၀၀၀-၂၀၀၁ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ဝဲကြီး ဆည်ရေသောက်စနစ်ရှိ တူးမြောင်းများ မှာ အကျယ်(၃၀)ပေရှိသည့် မြေသားမြောင်းများဖြစ်ပြီး၊ တူးမြောင်းမကြီး ပေတိုင်(၄၀၀၀)မှ (၈၀၀၀)အထိ အပိုင်းမှာ ကျောက်တောင်များဖြစ်၍ မြောင်းအကျယ်(၁၈)ပေအထိသာ တူးဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပေတိုင် (၁၄၀၀၀)နဲ့ (၁၈၀၀၀)အပိုင်းများမှာလည်း သဲဆန်သော တောင်ကုန်းများကို ဖြတ်သန်းသွားရသဖြင့် တူးမြောင်းမကြီးအတွင်းသို့ အချိန်နှင့်အမျှ သဲနုန်းပို့ချမှု ရှိပါတယ်။ နှစ်ကာလကြာမြင့်လာသည်နှင့် အမျှ မြောင်းပေါင် နိမ့်ကျမှုများလည်း ဖြစ်ပေါ်လျက်ရှိပါတယ်။

သို့ပါ၍ ဝဲကြီးဆည် တူးမြောင်းမကြီး ပေတိုင် (၄၀၀၀)မှ(၈၀၀၀)အထိ ကျောက်တောင်အပိုင်းအား သတ်မှတ်အောက်ခြေအကျယ် ရရှိအောင် မြောင်းပုံစံကျ ပြုပြင်ခြင်း၊ ပေတိုင် (၁၄၀၀၀)မှ(၁၈၀၀၀) အထိ သဲနုန်းတူးဖော်ခြင်းနှင့် တူးမြောင်းများ ပုံစံကျခေတ်မီ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို

ဂျပန်နိုင်ငံ (ODA)ချေးငွေဖြင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်တာ ကာလအတွင်း ပြုပြင်ဆောင်ရွက်ရန် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် စိစစ်ပြီး ဆည်ရေသောက်ဧရိယာ (၃၃၆၀၈)ဧကကို ပြည့်မီစွာ ဆည်ရေပေးဝေနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်ရှိ တောင်ညိုရေလှောင်တမံကို ၁၉၉၅-၁၉၉၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ တောင်ညိုဆည်ရေသောက်စနစ် တည်ဆောက်ရာတွင် တူးမြောင်းမကြီး ပေတိုင်(၄၁၀၀)မှ(၇၂၀၀)အထိ နေရာသည် ကျောက်တောင်၊ ကျောက်သားများနှင့် ဖြစ်နေခြင်းကြောင့် စက်ယန္တရားများနှင့် မိုင်းခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရပြီး၊ သတ်မှတ်အောက်ခြေအကျယ် ရရှိအောင် ဆောင်ရွက်ရန် အခက်အခဲများ ရှိခဲ့ပါသည်။ အဆိုပါနေရာတွင် တူးမြောင်းကို ပျမ်းမျှအကျယ် (၁၈)ပေမှ(၂၅)ပေအတွင်းသာ တူးဖော်နိုင်ခဲ့ပါတယ်။ သို့ဖြစ်၍ တူးမြောင်းမကြီး သတ်မှတ်ရေထုစီးနှုန်း (၁၀၀၀)ကုဗပေ/စက္ကန့်အစား (၄၀၀)ကုဗပေ/စက္ကန့်ခန့်သာ ထုတ်လွှတ်နိုင်မှုကြောင့် စိစစ်ဧက(၅၆)ရာခိုင်နှုန်းကိုသာ ရေပေးဝေနိုင်ခဲ့ပါတယ်။ တောင်ညိုဆည်ရေသောက်စနစ်တစ်ခုလုံးပြုပြင်ခြင်းကို ဂျပန်နိုင်ငံ၊ (ODA)ချေးငွေဖြင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်တာ ကာလအတွင်း ဦးစားပေး ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါတယ်။ လုပ်ငန်းများ ပြီးစီးပါက စိစစ်ဧရိယာ (၃၂၃၀၀)ဧကကို စိုက်ပျိုးရေ အပြည့်အဝ ပေးဝေနိုင်မှာ ဖြစ်ပါတယ်။

မိုးညိုမြို့နယ်သည် နတ္တလင်းမြို့နယ်နှင့် ဆက်စပ်လျက်ရှိသော်လည်း အလယ်ပိုင်းတွင် မြေနိမ့်လွင်ပြင်တည်ရှိပြီး မိုးတွင်းကာလတွင် ရေနက်ကွင်းပုံစံ ရေနစ်မြုပ်နေသည့် ဧရိယာနှင့် ထိစပ်လျက်ရှိပါတယ်။ မိုးညိုမြို့နယ်သို့ တောင်ညိုဆည်ရေ ရေသောက်စနစ်မှ ရေပေးဝေမည်ဆိုပါက မြေပြင် အခြေအနေအရ နိမ့်၊ မြင့် အမှတ်မီသော်လည်း ကြားနေရာတွင် ရေနက်ကွင်းတစ်ခုကို ဖြတ်သန်းရမယ် ဖြစ်တဲ့အတွက်ကြောင့် အခက်အခဲရှိနိုင်ပါတယ်။ မိုးညိုမြို့နယ်အတွင်းရှိ လယ်မြေများကို တောင်ညိုရေလှောင်တမံမှ ရေပေးဝေခြင်းထက် ဝဲကြီးဆည်ရေသောက်စနစ်မှ ရွှေလေးချောင်းအတွင်းသို့ ရေချပေးပြီး အဆိုပါချောင်းမှတစ်ဆင့် ရေပေးအဆောက်အအုံများဖြင့် ရေရယူဆောင်ရွက်ပါက ပိုမိုအဆင်ပြေမည်ဟု ခန့်မှန်းရပါတယ်။ ဝဲကြီးဆည်မှ ရွှေလေးချောင်းအတွင်း ရေချပေးခြင်းကြောင့် လျော့သွားသော ရေပမာဏကို တောင်ညိုဆည်မှ ဝဲကြီးဆည် လက်ဝဲတူးမြောင်းမကြီး အတွင်းသို့ ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် စူးစမ်းလေ့လာမှုများ ဆောင်ရွက်လျက် ရှိပါတယ်။

ဆောင်ရွက်ရမည့် လုပ်ငန်းများ အသေးစိတ်ကွင်းဆင်း လေ့လာပြီးနောက် ဖြစ်မြောက်နိုင်စွမ်းရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၁၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၃၁ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၃၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁:၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော် က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ဥပဒေ ဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို ၂၂-၉-၂၀၁၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင် က အဆိုတင်သွင်းပြီး ၁၃-၁၀-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီဥပဒေက ပြည်ထောင်စုလွှတ်တော်က ပို့တာမဟုတ်ဘူး။ အမျိုးသား လွှတ်တော်မှာ စတင်ဆွေးနွေးတဲ့ ဥပဒေ။ မှတ်ထား၊ ဟုတ်ပြီလား။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော် က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ဥပဒေ ဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁:၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက် ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၄-၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂

၂။ မျိုးစေ့ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(င)၏ နောက်၌ ပုဒ်မခွဲ(င-၁)နှင့် (င-၂) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(င-၁) မိဘမျိုးလိုင်း ဆိုသည်မှာ အပင်မျိုး မွေးမြူထုတ်လုပ်ရန် မိဘအဖြစ် အသုံးပြုသော မျိုးလိုင်းကို ဆိုသည်။

(င-၂) နှစ်ရှည်သီးနှံ ဆိုသည်မှာ တစ်ဆက် တစ်စပ်တည်း စိုက်ပျိုးထားပြီး အပင်အမျိုးအစားအလိုက် နှစ်ကာလတစ်ခုအထိ အကျိုးအမြတ် ရရှိနိုင်မည့် သီးနှံကိုဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက် -

အပိုဒ် ၃

၃။ မျိုးစေ့ဥပဒေတွင်ပါရှိသော အမျိုးသားမျိုးစေ့ကော်မတီဆိုသည့် စကားရပ်ကို မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅

၅။ မျိုးစေ့ဥပဒေ ပုဒ်မ ၅ တွင် ပုဒ်မခွဲ(ဆ)၏ နောက်၌ ပုဒ်မခွဲ(ဇ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်၍ မူလ ဥပဒေပါ ပုဒ်မခွဲ(ဇ)ကို ပုဒ်မခွဲ(ဈ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅၊ အပိုဒ်ခွဲ(ဈ)

ပြည်သူ့လွှတ်တော်က ပုဒ်မ ၅၊ ပုဒ်မခွဲ(ဇ)ကို မူလအဆိုပြုချက် အတိုင်းထားရှိရန် ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၊ အပိုဒ်ခွဲ(ဈ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၊ အပိုဒ်ခွဲ(ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆

၆။ မျိုးစေ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)တွင် ပါရှိသော စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဆိုသည့်စကားရပ်ကို စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မျိုးစေ့ဌာနခွဲ) ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၇

၇။ မျိုးစေ့ ဥပဒေတွင် ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၈။(က) အသိအမှတ်ပြုလက်မှတ်ရရှိရန် အပင်မျိုးသစ်ကို စမ်းသပ်စိုက်ပျိုးရန် ပြည်တွင်းသို့ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် အပင်မျိုးသစ် တင်သွင်းခွင့် အတွက် ထောက်ခံချက်ရရှိရန် မျိုးစေ့နမူနာနှင့်တကွ အချက်အလက် အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ လျှောက်ထားရမည်။

(ခ) မျိုးစေ့ဆိုင်ရာ အမျိုးသား ကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအား သတ်မှတ်ချက်များနှင့်အညီ စိစစ်စေပြီး အပင်မျိုးသစ်ကို ပြည်တွင်းသို့ တင်သွင်းခွင့်ရရှိရေးအတွက် ထောက်ခံချက် ထုတ်ပေးနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၈

၈။ မျိုးစေ့ ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၉။ (က) အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း ပြုလုပ်လိုသူသည် မိမိ ထုတ်လုပ်လိုသည့် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းလိုသည့် အပင်မျိုးသစ်အတွက် အသိအမှတ်ပြုလက်မှတ်ရရှိရန် အပင်မျိုးသစ်၏ မျိုးစေ့ နမူနာနှင့်တကွ အချက်အလက် အပြည့်အစုံကို သတ်မှတ်ချက်များနှင့်အညီ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြ၍ လျှောက်ထားရမည်။

(ခ) မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စမ်းသပ်စိုက်ပျိုးပြီး စိစစ်တင်ပြရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီသို့ တာဝန်ပေးအပ်ရမည်။ ယင်းသို့တာဝန် ပေးအပ်ရာတွင် စပ်မျိုး မိဘမျိုးလိုင်းနှင့်

နှစ်ရှည်သီးနှံ မျိုးသစ်များကို စမ်းသပ်စိုက်ပျိုးခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၉

၉။ မျိုးစေ့ဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၀။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် -

(က) အပင်မျိုးသစ်ကို အပင်မျိုးနှင့် သင့်လျော်ပြီး ရာသီဥတု ကွဲပြားခြားနားသည့် ဒေသ သုံးခု၌ အနည်းဆုံးတစ်ရာသီ စမ်းသပ် စိုက်ပျိုး၍ အောက်ပါ အချက်များ ပေါ်တွင် အခြေခံပြီး အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သင့် မသင့် စိစစ် ရမည်။

(ခ) ပုဒ်မခွဲ(က)အရ စိစစ်တွေ့ရှိသည့် အပင်မျိုးသစ်ကိုလည်းကောင်း၊ မိဘမျိုး လိုင်းနှင့် နှစ်ရှည်သီးနှံများအတွက် အပင်မျိုးနှင့် သက်ဆိုင်သည့် အရည်အသွေး လက္ခဏာများ၊ သတင်းအချက်အလက်များကို ပြည့်စုံစွာ ပြုစုထားသည့် မှတ်တမ်းများကိုလည်းကောင်း စိစစ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ သို့ တင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၂

၁၂။ မျိုးစေ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ် ၈ ၏ နောက်တွင် ပုဒ်မခွဲငယ် ၈-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည် -

၈-က။ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် ရရှိထားသော မျိုးစေ့ အရည်အသွေး စစ်ဆေးခန်း၏ ထောက်ခံချက် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၃

၁၃။ မျိုးစေ့ ဥပဒေပုဒ်မ ၂၈ တွင် ပါရှိသော ကျပ်နှစ်သိန်း ဆိုသည့် စကားရပ်ကို ကျပ်တစ်ဆယ်သိန်း ဆိုသည့် စကားရပ် ဖြင့် အစားထိုး ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၄

၁၄။ မျိုးစေ့ ဥပဒေ ပုဒ်မ ၂၉ တွင်ပါရှိသော ကျပ်တစ်သိန်း ဆိုသည့် စကားရပ်ကို ကျပ်တစ်ဆယ်သိန်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၇

၁၇။ မျိုးစေ့ ဥပဒေတွင် ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၃။ စိုက်ပျိုးရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်နှင့် အခြား ထိခိုက်ပျက်စီးမှုများကြောင့် သီးနှံ ပြန်လည်စိုက်ပျိုးရန် အပင်မျိုးလိုအပ်ချက် ဖြစ်ပေါ်လာပါက အပင်မျိုးအဖြစ် အသုံးပြုသင့်သည့် သီးနှံစေ့များကို စိုက်ပျိုးခွင့် ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၈

၁၈။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၄ တွင်ပါရှိသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု ဆိုသည့် စကားရပ်ကို အစိုးရဌာနများ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၀

၂၀။ မျိုးစေ့ဥပဒေ ပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

၃၉။(က) မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီနှင့် မျိုးစေ့ ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ၏ ရုံးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ရမည်။

(ခ) ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော ကော်မတီခွဲများ၏ ရုံးလုပ်ငန်းများကို ဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ ဌာနက ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး)
အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂

၂။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစား ထိုးရမည် -

၇။ မည်သူမဆို -

(က) နိုင်ငံတော်အထိမ်းအမှတ်ကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် အမိန့်တစ်ရပ်ရပ်နှင့်ဖြစ်စေ ဆန့်ကျင်၍ ဆင်ယင် ပြသလျှင် သို့မဟုတ်

(ခ) ဥပစာ တစ်ခုခုပိုင်ဆိုင်သူ၊ အငှားနေထိုင်သူ၊ အငှားချထားခံရသူ၊ လက်ရှိ နေထိုင်သူ သို့မဟုတ် ထိန်းသိမ်းရသူဖြစ်၍ အဆိုပါဥပစာပေါ်တွင် လည်း ကောင်း၊ အဆိုပါ ဥပစာမှ သော်လည်းကောင်း နိုင်ငံတော် အထိမ်းအမှတ်ကို ဤအက်ဥပဒေ အရ ပြုသည့် အမိန့်တစ်ရပ်ရပ်နှင့်ဖြစ်စေ ဆန့်ကျင်၍ ဆင်ယင် ပြသခြင်းကို သိလျက်နှင့် ခွင့်ပြုလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၂ ကို ဥပဒေကြမ်း ကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၁ ကို အတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]